ကိုယ့်ကိုယ်ကိုယ် ရှာဖွေပါ



# ငါဆိုတာ

# It's Me




ဉာဏ်လင်းအောင် စီစဉ်သည်

(Unlock Your Future)

# ငါဆိုတာ

## It's Me

ညဏ်လင်းအောင် စီစဉ်သည်

(Unlock Your Future)

# မာတိကာ

စာရေးသူ၏ အမှာစာ

စာရေးသူ၏ ကိုယ်ရေးအကျဉ်း


- ကျွန်တော်နဲ့ MBTI ၁
- MBTI Personality Test ဖြစ်ပေါ်လာပုံ ၁၁
- လိုက်နာရမည့်အချက်များ ၁၇
- Test ဖြေနည်း ၁၉
- မေးခွန်းများ ၂၄
- ENFJ = Everyone Needs Fulfillment and Joy ၃၉
- ENTJ = Executives Navigating Tough Jobs ၄၄
- ESFJ = Especially Satisfied Fulfilling Jobs ၄၇
- ESFP = Entertaining, Sparkling, Friendly Person ၅၀
- ESTJ = Elevated Stress Tightens Jaw ၅၅
- ESTP = Extraordinarily Smooth Talking Persuader ၅၉
- INFJ = Inner Nuances Foster Journies ၆၃
- ENFP= Eagerly Noting Fun Playgrounds ၆၇
- ENTP = Every New Thought Propels ၇၀
- INFP = Ideals Need Faithful Pursuit ၇၅
- INTJ = It's Not Thoroughly Justified ၇၉
- INTP = I Need To Ponder ၈၃

- ISFJ = I Serve My Family Joyfully ၈၇
- ISFP = I'm Sincerely Fulfilling My Purpose ၉၁
- ISTJ = I Suit Tax Jobs ၉၅
- ISTP = I See the Problem ၉၉
- ကိုယ့်ရဲ့ Personality Type က ဘယ်အပေါ် မှာမူတည်နေလဲ ၁၀၃

## စာရေးသူ၏ အမှာစာ

ကျွန်တော်ဟာ သိတတ်စအရွယ်ကနေ အသက် ၃၀ ကျော်ကျော်ထိ "ငါဟာ အစစအရာရာညံ့တဲ့သူတစ်ယောက်" လို့ ကိုယ့်ကိုယ်ကိုယ် ခံယူထားသူပါ။ ဒါကြောင့် သူများတွေထက် ငါပိုကြိုးစားရမယ်ဆိုတဲ့အသိပဲရှိပါတယ်။ သူများတွေစာကိုတစ်နာရီနဲ့ရရင် ကျွန်တော်ကသုံးနာရီလောက် ကျက်ရမယ်လို့ပဲ သိထားသူဖြစ်ခဲ့တယ်။ ဘာကြောင့် ဒီလိုခံယူမိခဲ့လဲဆိုတဲ့အကြောင်း နောက်ပိုင်းမှာရှင်းပြထားပါတယ်။

ဒီလိုနဲ့ အသက် ၃၀ ခွန်းခွန်းလောက်ရောက်မှ ကျွန်တော့်အကြောင်း ကျွန်တော်သိခွင့်ရခဲ့ရတယ်။ သိလိုက်ရတာက ကျွန်တော်ဟာ အလုံးစုံညံ့နေသူ မဟုတ်ဘူး။ ကျွန်တော့်မှာ အားသာချက်တွေအများကြီးရှိတယ်။ ကျွန်တော့်မှာ သူများနဲ့မတူတဲ့ ကိုယ်ရည်ကိုယ်သွေးတွေရှိတယ်ဆိုတာ သိလိုက်ရတယ်။ ဒီတော့မှ ကျွန်တော့်ကိုယ် ကျွန်တော်အားငယ်နေခဲ့ရတဲ့အချိန်တွေနဲ့ကိုယ်နဲ့ မကိုက်ညီတဲ့အလုပ်တွေမှာ အချိန်ဖြုန်းမိနေတာကို ပြန်နှမြောမိလာတယ်။

ကိုယ့်အကြောင်းကိုယ်မသိခဲ့ရတဲ့အတွက် ဝင်ငွေရရင်ပြီးရောဆိုတဲ့ ခံယူချက်နဲ့ပဲ အလုပ်ပေါင်းစုံလုပ်ခဲ့ပါတယ်။ ဘာလုပ်ငန်းလုပ်လုပ်ပျော်တယ်လည်းမဟုတ် မပျော်ဘူးလည်းမဟုတ်၊ ကျေနပ်နေတယ်လည်းမဟုတ်

မကျေနပ်ဘူးလည်းမဟုတ်နဲ့ ဘာမှန်းမသိတဲ့အီလည်လည်ဘဝကြီးကို နှစ်ပေါင်းများစွာကျော်ဖြတ်ခဲ့ရတယ်။

ခုလက်ရှိအချိန်မှာတော့ အဲဒီအီလည်လည်ဘဝကြီးကနေ ကျွန်တော်လွတ်မြောက်နေပါပြီ။ အခုချိန်မှာတော့ ကျွန်တော်ဟာ ဘာကောင်လဲ ကျွန်တော်ဟာ ဘာတွေလုပ်နိုင်တဲ့သူလဲဆိုတာကို ကောင်းကောင်းသိထားပြီ ဖြစ်လို့ ဆန္ဒနဲ့ဘဝတစ်ထပ်တည်းကျတယ်လို့ ပြောလို့ရတဲ့အခြေနေကို ပိုင်ဆိုင်ထားပါပြီ။

ကျွန်တော့်အကြောင်း ကျွန်တော်ဘယ်ကနေစသိခဲ့ရလဲ၊ ဘယ်လို သိခဲ့ရလဲဆိုတာပြောရရင် အားလုံးသိထားကြတဲ့ Personality Test စစ်ခြင်းကနေသိခဲ့ရတာပါ။ လူတစ်ယောက်ရဲ့ ကိုယ်ပိုင်ပုံစံ၊ ဒါမှမဟုတ် ကိုယ်ပိုင်အရည်သွေးတွေကို စစ်ထုတ်ပေးတဲ့၊ ဆွဲထုတ်ပေးတဲ့ နည်းပညာ တွေဖြစ်ပါတယ်။ အခုလို ကျွန်တော်ကိုယ်တိုင် အီလည်လည်ဘဝက လွတ်မြောက်ပြီးတဲ့နောက် ကျွန်တော့်လို လွတ်မြောက်ချင်သူတွေကို ပြန်မျှဝေပေး ချင်လာလို့ ဒီစာအုပ်လေးကိုလုပ်ဖြစ်တာပါ။

ဒီစာအုပ်ဟာ အခုဖတ်အခုပြီးသွားမယ့်စာအုပ်မဟုတ်ပါဘူး။ စာဖတ်သူရဲ့ဘဝတစ်လျှောက်လုံး လက်ကိုင်ထားရမယ့်စာအုပ်ဖြစ်ပါတယ်။ တစ်ခုခုကြောင့် ငြီးငွေ့လာပြီ၊ တစ်ခုခုကြောင့် မပျော်တော့ဘူးဆိုရင် ငါနဲ့ ဘာများမကိုက်ညီလို့လဲဆိုတဲ့အဖြေကို ဒီစာအုပ်ကနေပြန်ရှာပြီး ဖြေရှင်းချက် ထုတ်စေချင်ပါတယ်။ ဒ့ါပြင် မိမိရဲ့မိသားစုတွေနဲ့ နီးစပ်ရာဆွေးမျိုး၊ မိတ်ဆွေ တွေအတွက်လည်း စစ်ပေးလို့ရပါတယ်။

ကိုယ့်ကြောင်းကိုယ်သိထားမယ်၊ မိမိပတ်ဝန်းကျင်ကလူတွေရဲ့ အကြောင်းကိုလည်း သိထားမယ်ဆိုရင် နေ့စဉ်ပေါင်းသင်းဆက်ဆံရေးမှာ အောင်မြင်ပါလိမ့်မယ်။ ကျွန်တော်ဆိုရင် ဒီ Test ကို ကျွန်တော့်ရဲ့ မိသားစု ဝင်တွေသာမက ကျွန်တော့်ရဲ့ဝန်ထမ်းတွေနဲ့ သင်တန်းသားတွေကိုပါ စစ်ပေးထားပါတယ်။ မိသားစုဝင်တွေကို စစ်ပေးတော့ သူတို့အကြောင်း

ပြီးသိတဲ့အခါ သူတို့နဲ့ပြောဆိုရမယ့် စကားလုံးတွေရွေးချယ်တတ်လာတယ်။ ဝန်ထမ်းတွေကို စစ်ပေးလိုက်တော့ သူတို့နဲ့ကိုက်ညီမယ့် တာဝန်တွေ၊ ရာထူးတွေကို မှန်မှန်ကန်ကန် ချမှတ်ပေးနိုင်လာတယ်။ သင်တန်းသားတွေကို စစ်ပေးလိုက်တော့ သူတို့အကြောင်း သူတို့သိခွင့်ရပြီး လက်တွေ့ဘဝနဲ့ တကယ်ဖြစ်ချင်တဲ့ ဘဝကြားက လိုအပ်ချက်တွေကို ဖြည့်လာနိုင်ကြတယ်။

Personality Test အမျိုးအစားပေါင်းများစွာရှိတဲ့ထဲက အသိရောက်ဆုံးနဲ့ ကျွန်တော်အကြိုက်ဆုံး Test ဖြစ်တဲ့ MBTI Test ကို အားလုံးစစ်ဆေးနိုင်ဖို့ စီစဉ်ပေးလိုက်ပါတယ်။

ဒီလို Test တွေကို Online မှာလည်း စစ်နိုင်ပါတယ်။ ဒါပေမဲ့ အင်္ဂလိပ်စာကျွမ်းကျင်ဖို့လိုသလို ဒေါ်လာ ၅၀ (မြန်မာငွေ ၇၅,၀၀၀ ကျပ်) လောက် ကုန်ကျမှာဖြစ်ပါတယ်။ ဒါကြောင့် အားလုံးအတွက် လွယ်လွယ်ကူကူ သက်သက်သာသာနဲ့ မိမိကိုယ်ကိုယ်ရှာဖွေနိုင်ဖို့ ဒီစာအုပ်ကိုထုတ်ဝေရခြင်း ဖြစ်ပါတယ်။ လောကမှာ ကိုယ့်အကြောင်းကို ရှာဖွေခြင်းလောက် စိတ်ဝင်စားစရာကောင်းတာမရှိတော့ပါဘူး။

ဒီစာအုပ်လေးက စာဖတ်သူရဲ့ဘဝတစ်စိတ်တစ်ပိုင်းအတွက် အကျိုးဖြစ်မယ်ဆိုရင် ကျွန်တော်အပင်ပန်းခံရကျိုးနပ်ပါပြီ။

**ချစ်ခင်မွှာဖြိုး**

**ဉာဏ်လင်းအောင်**

**Future Coach**

**Unlock Your Future**



# စာရေးသူ၏ ကိုယ်ရေးအကျဉ်း

ဆရာဉာဏ်လင်းအောင်သည် LM Travel Myanmar ၏ Founder & CEO၊ Wholeness EQ & Family Solutions ၏ Co-Founder & Director ၊ Lin's Family Experience Cooking Class ၏ Founder တစ်ဦးဖြစ်ပါသည်။

Unlock Your Futures Page ကို ၂၀၂၀ ၊ ဇွန်လတွင် စတင်တည်ထောင်ခဲ့ပြီး လက်ရှိအချိန်တွင် Digital Influencer တစ်ယောက်အဖြစ် ပြည်တွင်းပြည်ပရှိ မြန်မာလူငယ်များနှင့် လုပ်ငန်းရှင်များအတွက် အခက်အခဲများကြုံတွေ့သည့်အခါ ရင်ဆိုင်ကျော်ဖြတ်ပြီး Face & Fight လုပ်နိုင်ဖို့ နည်းလမ်းများကို နေ့စဉ်ဝေမျှလျက်ရှိပါသည်။

Unlock Your Futures ကို တည်ထောင်ချိန်မှစ၍ ယနေ့အချိန်ထိ အခမဲ့ဗီဒီယိုပေါင်း ၂၀၀၀ နီးပါးဖြင့် လူငယ်ပေါင်းများစွာအနာဂတ်အတွက် တစ်ဖက်တစ်လမ်းမှ ကူညီပေးနိုင်ခဲ့ပါသည်။ လုပ်ငန်းရှင်များအတွက်လည်း လုပ်ငန်းခွင်ဖိအားများကို ကြံ့ကြံ့ခိုင်ရင်ဆိုင်နိုင်ရန်၊ ရောင်းအားတိုးတက်ရန်နှင့် လုပ်ငန်းစနစ်ကျစေရန်အတွက် စာရိတ်နည်းနည်းဖြင့် ထိရောက်သည့်ရလဒ်များရရှိအောင်ကူညီပေးနေပါသည်။ ထို့ပြင် မြန်မာပြည်သူပြည်သား

များ၏ ဘဝအခက်အခဲများကို အနီးကပ်ကူညီဖြေရှင်းပေးနိုင်မည့် ပညာရှင်များဖြစ်သည့် Life Coach ပေါင်းများစွာကို မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

Unlockers Group ကိုတည်ထောင်ပြီး လုပ်ငန်းရှင်များအတွက် ရောင်းအားတိုးတက်ရေးနှင့် လုပ်ငန်းစနစ်ကျစေရန်အတွက် အနီးကပ်သင်တန်းပေးလျက်ရှိပါသည်။ Business Consultant တစ်ယောက်အနေဖြင့်လည်း လုပ်ငန်းရှင်များအတွက် လုပ်ငန်းတိုးချဲ့နိုင်ရေးနှင့် မိမိမပါဘဲ စနစ်တကျ လည်ပတ်နိုင်မည့် System ကျသည့် လုပ်ငန်းများတည်ဆောက်နိုင်ရေးအတွက်ကူညီပေးနေပါသည်။ ထို့ပြင် Myanmar Professional Coaches Association ကိုတည်ထောင်ပြီး လုပ်ငန်းရှင်များအတွက် စာရိတ်နည်းနည်းဖြင့် လုပ်ငန်းတိုးတက်ရေး စနစ်ကျရေးများကို ထိထိရောက်ရောက် ကူညီပေးနိုင်စေရေးအတွက် Business Coaching Specialist များ၊ Professional Coaches များကို မွေးထုတ်ပေးလျက်ရှိပါသည်။

ဆရာညဏ်လင်းအောင်သည် "ရင်ဆိုင်ပါ ကျော်ဖြတ်ပါ" နှင့် "အခက်ခဲဆိုတာ မင်းလား" စာအုပ်နှစ်အုပ်ကို ရေးသားထုတ်ဝေပြီး ယခု "ငါဆိုတာ" စာအုပ်သည် ဆရာ၏တတိယမြောက်စာအုပ်ဖြစ်ပါသည်။

❐

# ကျွန်တော်နဲ့ MBTI

MBTI Test အကြောင်းမပြောခင် ကျွန်တော် ဘာကြောင့်နှစ်ပေါင်း ၃၀ လောက် ကိုယ်ဟာ အသုံးမကျတဲ့သူလို့ ခံယူမိခဲ့လဲဆိုတာလေး ပြောပြချင်ပါတယ်။

ကျွန်တော်ဟာ ငယ်ငယ်ကအတန်းထဲမှာ စာမတော်ပါဘူး။ ပေါင်းသင်းဆက်ဆံရေးမှာလည်း အားနည်းတယ်။ အားကစား၊ ဂီတ၊ အနုပညာ ဘယ်နေရာမှ ထူးချွန်တယ်ရယ်လို့မရှိပါဘူး။ တစ်ခါမှလည်း ဘာဆုမှတက်မယူဖူးတဲ့သူပါ။ ဘာခိုင်းခိုင်းလည်း အစီစဉ်တကျ မလုပ်နိုင်ပါဘူး။ အိမ်ကအဖေက အမြဲပြောတယ်။ "မင်းဟာ အသုံးမကျတဲ့လူပဲ" တဲ့။ ဆွေမျိုးတွေကလည်းပြောတယ်၊ "မင်းက ငတုံး" တဲ့။ "ဖြူဖတ်ဖတ်နဲ့ ဘာမှဖြစ်လာမယ်မထင်ဘူး" တဲ့။

ကိုယ်တိုင်က ဇွဲရှိသလောက် ဘယ်နေရာမှ မထူးချွန်တာရယ်၊ မိဘနဲ့ပတ်ဝန်းကျင်အသိုင်းဝိုင်းရဲ့ ကောက်ချက်ချသတ်မှတ်တံဆိပ်ကပ်မှုတွေရယ်ကြောင့် ကျွန်တော်ဟာ အသက် ၃၀ ကျော်ထိ ငါဟာ အသုံးမကျသူတစ်ယောက်ဆိုတဲ့ အငုံ့စိတ်နဲ့နေထိုင်ခဲ့ရတယ်။ ဒါဟာကျွန်တော့်အဖေနဲ့ ဆွေမျိုးအသိုင်းအဝိုင်းကို အပြစ်ပြောတာမဟုတ်ပါဘူး။ စာဖတ်သူဟာ

မိဘတစ်ယောက်ဖြစ်ခဲ့ရင် ဆင်ခြင်နိုင်စေချင်လို့ပါ။ ကျွန်တော်တို့ မိဘတွေဆိုတာလည်း တောသူတောင်သားဆိုတော့ သားသမီးကို ဆူငေါက်ရိုက်နှက်ခြင်းကသာ ဆုံးမပဲ့ပြင်ခြင်းလို့ သိထားကြတာကိုး။ ကျွန်တော်အပြစ်မမြင်ပါဘူး။

ဒါပေမဲ့ ကိုယ်ဟာ ကျွမ်းကျင်ပညာရှင်မဟုတ်ဘဲ လူတစ်ဦးရဲ့ လားရာကို ကောက်ချက်ချတတ်တဲ့အကျင့်ကိုတော့ မြန်မာလူမျိုးအများစုကို ပြင်စေချင်ပါတယ်။

## ကျွန်တော့်ရဲ့ပထမဆုံးအလုပ်

ဒီလိုနဲ့ ငတုံးလေးကျွန်တော်၊ ညီတစ်ဝမ်းကွဲရဲ့အကူညီနဲ့ မန္တလေးမြို့ပေါ်က Five Stars ဟိုတယ်တစ်ခုမှာအလုပ်ရတယ်။ မှတ်မှတ်ရရ အင်တာဗျူးဖြေတဲ့နေ့က Interviewer က ကျွန်တော့်ကို "အပြောကောင်းတဲ့ တောသားရိုးရိုးသားသားလေးမို့ အရမ်းသဘောကျတယ်" လို့ပြောခဲ့ဖူးတယ်။

ဟိုတယ်မှာ ကျွန်တော်စလုပ်ရတဲ့ ရာထူးက Kitchen Helper ပါ။ အဲဒီဌာနမှာ အမြင့်ဆုံးက Executive Chef ပါ။ ဒီတော့ ကျွန်တော့်ရဲ့ အိပ်မက်က Executive Chef ဖြစ်ဖို့ပဲပေါ့။ ဘာလို့ဖြစ်ချင်တာလဲမေးရင် ဖြေစရာ ရေရေရာရာမရှိဘူး။ လူအများက ကောင်းတယ်ပြောလို့ ဖြစ်ချင်ရုံပါပဲ။

အဲဒီအလုပ်မှာပျော်သလိုလို မပျော်သလိုလိုနဲ့ လပိုင်းလောက်လုပ်ပြီး ကျွန်တော်အလုပ်ထုတ်ခံရတယ်။ အဲဒီတုန်းက ကျွန်တော်သိပ်မခံစားရဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်ကမှ အသုံးမကျတာ၊ ထုတ်ခံရတာမဆန်းဘူးဆိုတဲ့ခံယူချက်ရှိတာကိုး။

## ကျွန်တော့်ကိုယ်ကျွန်တော် သတိထားမိစေတဲ့အလုပ်တစ်ခု

အဲဒီနောက် Cosmetic ကုမ္ပဏီတစ်ခုမှာလည်းလုပ်ခဲ့ဖူးတယ်။ အဲဒီနယ်ပယ်မှာလည်း ကျွန်တော်မပျော်ဘူး၊ စိတ်မဝင်စားဘူး။ ဒီလိုနဲ့ တဖြည်းဖြည်းအသက်ကြီးလာပြီး နောက်ဆုံးလုပ်ခဲ့တဲ့ ဟိုတယ်တစ်ခုမှာ ကျွန်တော် Night Audit ရာထူးတိုးတယ်။ အဲဒီမှာ ကျွန်တော်ညတိုင်း စာရင်းတွေလုပ်ရတယ်။ ကျွန်တော်ဘယ်လောက်တော်လဲဆို စာရင်းတွေက တစ်ရက်မှမမှန်ဖူးဘူး။ ကျွန်တော့်ရဲ့မန်နေဂျာကလည်း ကျွန်တော့်ကို ချီးကျူးတယ်။ "ကိုညဏ်ရယ် တစ်ရက်မှမမှန်အောင် ဘယ်လိုများကြိုးစားထားတုံး" တဲ့။ ဒီတော့ ကျွန်တော်ဟာ ဘယ်နေရာမှာမှမတော်တဲ့သူတစ်ယောက်ပဲဆို တာသေချာသွားတယ်။ ဒီလိုနဲ့ အဲဒီဟိုတယ်ကနေလည်း ကျွန်တော်ထွက်ခဲ့တယ်။

အဲဒီနောက် ကျွန်တော်ကိုယ်ပိုင်လုပ်ငန်း သေးသေးလေးတွေလုပ်ဖြစ်တယ်။ VCD အခွေအရောင်းဆိုင်၊ ဖုန်းအပိုပစ္စည်း၊ ကွန်ပျူတာပစ္စည်း၊ လျှပ်ပစ္စည်းစတဲ့ဆိုင်သေးသေးလေးတွေလုပ်ဖြစ်တယ်။ ဝင်ငွေတစ်ခုရလို့သာလုပ်နေတာပါ။ ကျွန်တော်ပျော်လှတယ်၊ ကျေနပ်လှတယ်တော့ မဟုတ်ပါဘူး။ အဲဒီလုပ်ငန်းတွေကလည်း မအောင်မြင်ခဲ့ပါဘူး။ ဆိုင်ခွဲတွေ ဖွင့်ဖို့နေနေသာသာ ရှိနေတဲ့ဆိုင်လည်ပတ်ဖို့ကို မြေတွေတစ်ကွက်ပြီးတစ်ကွက်ရောင်းပြီး ပြန်ဖြည့်နေရတယ်။

နောက်ပိုင်း ကျွန်တော်နိုင်ငံခြားထွက် အလုပ်လုပ်ဖြစ်တယ်။ ဟိုတယ်တစ်ခုမှာ Bellman နဲ့ စလုပ်ခဲ့ရပြီး Concierge ရာထူးတိုးတယ်။ အဲဒီမှာကျွန်တော်တို့ ဟိုတယ်တွေကိုလာတဲ့ ဧည့်သည်တွေအတွက် ခရီးစဉ်တွေစီစဉ်ပေးရတယ်။ နောက်သူတို့လိုအပ်တဲ့ Professional တွေချိတ်ဆက်ခေါ်ပေးတာတွေလုပ်ပေးရတယ်။ အဲဒီအလုပ်ကျ ကျွန်တော် မမှားတော့ဘူး။ လုပ်ရတာလည်းပျော်တယ်။ ကျွန်တော့်လက်အောက်က နိုင်ငံပေါင်းစုံကလာလုပ်တဲ့ဝန်ထမ်းတွေကလည်း ကျွန်တော့်စကားကို

နာခံကြသလို ကျွန်တော့်အထက်က အရာရှိတွေကလည်း ကျွန်တော့်ကို ချစ်ကြတယ်၊ အားကိုးကြတယ်။ ဒါတင်မက ကျွန်တော်ဝန်ဆောင်မှုပေးလိုက်တဲ့သူတိုင်းကလည်း ကျွန်တော့်ကို ကျေးဇူးတင်ကြတယ်၊ သဘောကျကြတယ်။ အဲဒီအခါမှာ ကျွန်တော့်ကိုယ်ကျွန်တော် နည်းနည်းသတိထားမိလာတယ်။ ဩော် ငါတော်တဲ့နေရာလည်း ရှိသေးသားပဲပေါ့။ ဒါပေမဲ့ ဆက်ပြီး ထူးထူးခြားခြားဆန်းစစ်တာမျိုးမလုပ်ဖြစ်လိုက်ဘူး။ အဲဒီအချိန်တုန်းကဆို မြန်မာပြည်ပြန်ရောက်ရင် ဘာလုပ်ငန်းလုပ်သင့်လဲဆိုတာ ဝေဝေဝါးဝါးပဲ။ ကိုယ့်အကြောင်းကိုယ်မှမသိတာ၊ ဘာလုပ်နိုင်လဲထက် ငွေဘယ်လောက်ရနိုင်မလဲပဲတွေးခဲ့တာကိုး။

ဒီလိုနဲ့နေလာရင်း ၂၀၁၃ ခုနှစ်လောက်မှာ ကိုယ်ပိုင်ဆိုင်တစ်ဖက်နဲ့ ကျွန်တော် Tour Guide စလုပ်ဖြစ်တယ်။ ပြောဖို့ကျန်ခဲ့တာက ကျွန်တော်က အင်္ဂလိပ်စာကို ၂၀၀၀ ပြည့်နှစ်လောက်ကတည်းက လေ့လာခဲ့တယ်။ စလေ့လာခဲ့ကတည်းက ခုချိန်ထိအင်္ဂလိပ်စာလေ့လာနေရရင်၊ ပြောနေရရင်၊ သင်နေရရင်၊ ဆွေးနွေးနေရရင် အရမ်းပျော်တာ။ ဒါကြောင့် ကျွန်တော်ဟာ အင်္ဂလိပ်စကားကို ကျွမ်းကျွမ်းကျင်ကျင်အသုံးပြုနိုင်သူဖြစ်လို့ Tour Guide လုပ်တဲ့အခါ တော်တော်လေးအထောက်ကူဖြစ်ပါတယ်။ ကျွန်တော်ရှင်းပြရင်၊ အလည်အပတ်လိုက်ပို့ရင် Foreigner တွေ အရမ်းသဘောကျကြတယ်။ ကျွန်တော်လည်းပျော်တယ်။ အဲဒီမှာကျွန်တော်ကိုယ့်ကိုယ်ကိုယ်စပြီး သတိထားမိလာတယ်။ ငါကစကားပြောနေရရင်ကိုပျော်နေတာပဲလို့။

ဒီအလုပ်မှာပျော်တော့ အလုပ်ကတိုးတက်လာတယ်။ နိုင်ငံတကာကဧည့်သည်တွေက ကျွန်တော်ဟာ မြန်မာပြည်မှာ အတော်ဆုံး Tour Guide တစ်ယောက်ဖြစ်ကြောင်း Forum တွေ၊ Travel Platform တွေမှာရေးပေးကြတယ်။ Tour ကုမ္ပဏီခရီးစဉ်ဝယ်တဲ့အခါ ကျွန်တော့်ကိုပဲ ထည့်ပေးဖို့ တောင်းဆိုကြတယ်။ ကျွန်တော့်ကိုသိမထားတဲ့ Tour ကုမ္ပဏီ

တွေဆို ကျွန်တော့်ကို အသည်းအသန် ဆက်သွယ်ရှာဖွေရတဲ့အထိပါပဲ။

မှတ်မှတ်ရရ မန္တလေးက Five Stars ဟိုတယ်တစ်ခုရဲ့ တာဝန်ရှိသူကတောင် ကျွန်တော့်ဆီဖုန်းဆက်မေးလာတယ်။ "ကျွန်တော်တို့ဟိုတယ်ကိုလာတဲ့ ဧည့်သည်အတော်များများ Freelance Guide တွေ ငှားမယ်ဆို အစ်ကို့နာမည်ကိုပဲမေးမေးနေကြလို့ အစ်ကို့ Contact ကို ရအောင်ရှာပြီး ဆက်သွယ်ရတာပါ" တဲ့။ "ကျွန်တော်တို့ဧည့်သည်တွေ အစ်ကို့ကိုတောင်းဆိုခဲ့ရင် ကျွန်တော်တို့အတွက် အချိန်လေးပေးပါဦးနော်" တဲ့။ ကျွန်တော်ကျေနပ်တာပေါ့။ တစ်သက်လုံး လုပ်လာသမျှအလုပ်တွေမှာ ကျွန်တော့်မှာကျေနပ်ရတယ်၊ ပျော်ရတယ်လို့မှမရှိသလောက်ပဲကိုး။

ဒီလိုနဲ့ ဒီအလုပ်မှာပျော်တော့ ကျွန်တော် Tour Guide ကို ခြောက်လလောက်ပဲလုပ်ပြီး ကိုယ်ပိုင် Tour ကုမ္ပဏီထောင်ဖို့ ကြိုးစားခဲ့တယ်။ ဒီလိုနဲ့ကိုယ်ပိုင်ကုမ္ပဏီကို ၂၀၁၅ ခုနှစ်မှာ တရားဝင်တည်ထောင်နိုင်ခဲ့တယ်။ ကျွန်တော်ပျော်လည်းပျော်တယ်။ အဲဒီလုပ်ငန်းက တိုးလည်းတိုးတက်တယ်။ အကယ်၍ ကိုဗစ်သာမရှိခဲ့ရင် ကျွန်တော့်ကုမ္ပဏီဟာ ဒီအချိန်မှာဒေါ်လာမီလီယံချီတန်တဲ့ကုမ္ပဏီဖြစ်နေလိမ့်မယ်ဆိုတာ ကျွန်တော်ပြောရဲတယ်။

ဒီအထိ ကျွန်တော်ဘာကြောင့် တိုးတက်ပြောင်းလဲလာတာလဲ ကျွန်တော်သေချာမသိဘူး။ ကြိုးစားလို့ တိုးတက်လာတယ်ပဲထင်တာ။ တကယ်တော့ ကြိုးစားတိုင်းသာ အောင်မြင်မယ်ဆို ကိုယ်ပိုင်ဆိုင်တွေဖွင့်တုန်းကလည်း အောင်မြင်ရမှာပေါ့။ အဲဒီလုပ်ငန်းတွေကျ ဘာလို့မအောင်မြင်ခဲ့လဲ ကျွန်တော်တွေးမိတယ်။ ဒါပေမဲ့ အဖြေကရေရေရာရာမရပါဘူး။

ဒီလိုနဲ့ ၂၀၁၆ ခုနှစ်လောက်ကစပြီး ကျွန်တော်သင်တန်းတွေ စတက်ဖြစ်တယ်။ လုပ်ငန်းတိုးတက် ကြီးထွားလာဖို့ဆိုတာ လုပ်ငန်းကို ဦးဆောင်နေသူရဲ့အရည်အချင်းပေါ်မှာ အများကြီးမူတည်တယ်ဆိုတာ ကျွန်တော်သိတယ်လေ။ ဒါကြောင့် ခေါင်းဆောင်မှုသင်တန်းတွေ၊

စိတ်ပိုင်းဆိုင်ရာသင်တန်းတွေ၊ Coaching သင်တန်းတွေ၊ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းတွေအများကြီး ကျွန်တော်တက်ခဲ့တယ်။

အဲဒါတွေလိုက်တက်နေရင်းနဲ့ Coaching သင်တန်းတစ်ခုမှာ Personality Test စစ်ခွင့်ရခဲ့တယ်။ အဲကျတော့မှ ကျွန်တော်ရှင်းရှင်းလင်းလင်းသိသွားတော့တယ်။ ကျွန်တော်ဟာ အသုံးမကျတဲ့သူ၊ တုံးတစ်ယောက်ဘယ်ဟုတ်မလဲ။ ကျွန်တော့်ရဲ့အားသာချက်တွေ အဲဒီမှာတန်းစီပြီး တစ်ခုပြီးတစ်ခုသိလိုက်ရတော့ ကျွန်တော်အရမ်းပျော်တာပဲ။ စစ်ကြည့်လိုက်တော့ ကျွန်တော်ဟာဘာသာစကားမှာတော်တဲ့သူ (Language Smart)၊ လူတွေအကြောင်းကို နားလည်လွယ်သူ (People Smart)၊ မိမိကိုယ်ကိုယ်သိမြင်နိုင်သူ (Self Smart ) ဆိုတာသိခွင့်ရခဲ့တယ်။

ပြီးတော့ ကျွန်တော်အလွန်အားနည်းတဲ့အပိုင်းက ကိန်းဂဏန်းတွေ၊ Detail Plan တွေ။ ဒါတွေလုပ်တဲ့နေရာမှာ ကျွန်တော်အလွန်အားနည်းတာကိုလည်း သွားတွေ့ရတယ်။ ဒီလိုဆို ရှေ့ကလုပ်ငန်းတွေမှာ ကျွန်တော်မအောင်မြင်၊ မပျော်ရွှင်ခဲ့တာ ဘာကြောင့်လဲဆိုတာ သိကြရောပေါ့။ ဒီအားသာချက်တွေကြောင့် ပထမဆုံးအလုပ်လျှောက်တုန်းက Interviewer က ကျွန်တော့်ကို "အပြောကောင်းတဲ့ တောသားလေး" လို့ မှတ်ချက်ပေးခံခဲ့ရတာပါလားဆိုတာ ကျွန်တော်သိလိုက်ရတယ်။ ဒါတင်ဘယ်ကမလဲ။ ကိုယ်ကျွမ်းကျင်စွာ သင်ယူထားတဲ့ ဘာသာစကားကို အသုံးချပြီး ကိုယ်အားသာတဲ့ စကားပြောကျွမ်းကျင်မှုနဲ့ပေါင်းစပ်လုပ်ကိုင်ခွင့်ရတဲ့ Tour Guide အလုပ်၊ ခရီးစဉ်စီစဉ်ပေးရတဲ့ Concierge Life နဲ့ Tour ကုမ္ပဏီ Owner Life မှာ ကျွန်တော်အောင်မြင်ခဲ့တာ ဒီလိုအားသာချက်တွေကြောင့်ပဲဆိုတာ ကျွန်တော်နားလည်သွားတော့တယ်။

ဒါကြောင့် Tour ကုမ္ပဏီအပြင် တခြားစီးပွားရေးတစ်ခုအသစ်ထပ်လုပ်ဖို့ခြေလှမ်းတဲ့အခါ အရင်လိုသူများက ကောင်းတယ်လို့ပြောတဲ့

အလုပ်တွေကို လိုက်လုပ်ချင်တတ်တဲ့သူမဟုတ်တော့ဘဲ ကိုယ့်ရဲ့ အားသာချက်ကိုအသုံးပြုပြီး လုပ်လို့ရမယ့်အလုပ်ကို တိတိကျကျရွေးချယ်လိုက်နိုင်တာပေါ့။ ဒါကတော့ အခုလက်ရှိလုပ်နေတဲ့ Coach၊ Trainer၊ Public Speaker နဲ့ Influencer နယ်ပယ်ကို ရွေးချယ်ခဲ့တာပါပဲ။

ကျွန်တော် Trainer စလုပ်တော့ Child EQ Building Center ဆိုတဲ့ Page နဲ့ Wholeness EQ and Family Solution ဆိုတဲ့ ကုမ္ပဏီလေးထောင်ပြီးလုပ်ခဲ့တာပါ။ ဆယ်ကျော်သက်တွေကို အဓိကထားပြောင်းလဲပေးတဲ့ကုမ္ပဏီပေါ့။ ကျွန်တော့်အမျိုးသမီးအပါအဝင် မိတ်ဆွေလေးယောက်ပေါင်းပြီး တည်ထောင်ဖြစ်ကြတာ။ အဲဒီလုပ်ငန်းလည်း တစ်နှစ်အတွင်းအထိုက်လျောက်အောင်မြင်ခဲ့ပါတယ်။ အရှိန်လေးရနေတုန်း တစ်နှစ်ကျော်ကျော်လောက်မှာ ကိုဗစ်တွေစဖြစ်တော့ ကလေးသင်တန်းဖြစ်လို့ အွန်လိုင်းနဲ့မသင်ချင်တော့တဲ့အတွက် ဆက်မလုပ်ဖြစ်တော့တာပါ။

ဒါနဲ့ပဲ ကိုဗစ်ကြောင့် ကုမ္ပဏီနှစ်ခုလုံးရပ်လိုက်ရတဲ့အချိန် လုပ်ငန်းအသစ်လုပ်မှဖြစ်တော့မယ့် အနေအထားမှာ အခုအားလုံးသိတဲ့ ဉာဏ်လင်းအောင် "Unlock Your Futures" ဆိုတဲ့ Page နဲ့ ကုမ္ပဏီဖြစ်လာတာပါပဲ။ အဲဒီတုန်းကလည်း လုပ်ငန်းအသစ်ရွေးချယ်တဲ့အခါမှာ ကျွန်တော့်အားသာချက်နဲ့ ကျွန်တော့်အမျိုးသမီးရဲ့ အားသာချက်တွေပေါ် အခြေခံပြီး လုပ်နိုင်တဲ့အလုပ်တွေ အများကြီးစဉ်းစားခဲ့သေးတယ်။ အွန်လိုင်းကနေ ပစ္စည်းတွေရောင်းကြမလား၊ Tok Tok ကားတွေထောင်ပြီးငှားစားကြမလား၊ Delivery ကုမ္ပဏီလုပ်မလား။ ဒီလိုနဲ့ နောက်ဆုံး ကျွန်တော့်ရဲ့အားသာချက်ကို အဓိကအသုံးချမယ်သူက နောက်တန်းကိုတာဝန်ယူမယ်ဆိုပြီး ဒီလုပ်ငန်းကိုစဖြစ်တာပါပဲ။

သူများတွေနဲ့ယှဉ်ရင် ဘယ်အဆင့်လောက်မှာရှိနေမလဲ (ဆိုတာ) ကျွန်တော်သေချာမသိပေမဲ့ ကျွန်တော့်ကိုယ်ကျွန်တော်နဲ့ယှဉ်ရင်တော့

ကျွန်တော်ဟာ လောလောဆယ်မှာ အောင်မြင်သူပါပဲ။ Personality Test တစ်ခုကြောင့် ကျွန်တော်လိုချင်တဲ့ဘဝ၊ ကျွန်တော်ချစ်တဲ့အလုပ်ကို လုပ်ကိုင်ခွင့်ရပြီး ပျော်နေရလိမ့်မယ်လို့ ဟိုတုန်းကမထင်ခဲ့ဘူး။ ဒါကြောင့် ကျွန်တော့်ကို တစ်နေ့တစ်နေ့ လာလာပြောနေကြတဲ့ "ဘဝကြီးကနေမပျော်ဘူး၊ ငွေရှာရတာပင်ပန်းတယ်၊ လက်ရှိအလုပ်မှာမပျော်ဘူး၊ ထွက်ပေါက်တွေပိတ်နေတယ်၊ စိတ်ဓာတ်ကျတယ်" လို့ပြောလာသူတွေအတွက် မှန်ကန်တဲ့ Career ရွေးနိုင်ဖို့နဲ့ တစ်သက်လုံးလုပ်နိုင်မယ့် ကိုယ်ပိုင်လုပ်ငန်းတစ်ခုကိုရွေးချယ်ဖို့လိုအပ်သူတွေအတွက် ကျွန်တော့်လိုဆန္ဒနဲ့ဘဝတစ်ထပ်တည်းကျစေချင်တဲ့အတွက် ဒီစာအုပ်လေးကို စီစဉ်ပေးရခြင်းပဲဖြစ်ပါတယ်။

ကျွန်တော်ကတော့ Personality Test တော်တော်များများ စစ်ကြည့်ခဲ့ဖူးတယ်။ ဥပမာ- Tetra Mat ၊ DISC ၊ VAKAD ၊ Multiple Intelligence စတဲ့ Test တွေနဲ့ တခြားသော Test တွေပါ။ ဒီထဲကမှအထိရောက်ဆုံးလို့ ကျွန်တော်ယုံကြည်တဲ့ ဒီ MBTI Test ကို စာဖတ်သူတို့အတွက်စီစဉ်ပေးလိုက်ပါတယ်။

MBTI နဲ့ ကိုယ့်ရဲ့ Personality Type စစ်ခြင်းအားဖြင့်

၁။ ကိုယ့်အကြောင်း ကိုယ်သိမယ်။
၂။ ကိုယ့်ရဲ့ Career ကိုမှန်မှန်ကန်ကန်ရွေးချယ်နိုင်မယ်။
၃။ ကိုယ်အောင်မြင်မယ့်နယ်ပယ်ကို တိတိကျကျသိမယ်။
၄။ ကိုယ်နဲ့ Personality Type တူပြီး ကမ္ဘာကျော်နေတဲ့သူတွေအကြောင်း သိခွင့်ရပါလိမ့်မယ်။
၅။ ကိုယ့်ဘေးကလူတွေရဲ့ အကြောင်းကောင်းကောင်းသိလာမှာဖြစ်လို့ သူတို့ကိုလွှမ်းမိုးလာနိုင်လိမ့်မယ်။

ဒီလောက်ဆို ကျွန်တော့်ရဲ့စာဖတ်သူတွေ ကိုယ်ဘယ်သူလဲဆိုတာ

သိချင်နေလောက်ပြီလို့ ကျွန်တော်ယူဆပါတယ်။ ဒီတော့ MBTI ဆိုတာ ဘာလဲ အရင်လေ့လာကြည့်ရအောင်ပါ။

❐



# MBTI Personality Test ဖြစ်ပေါ်လာပုံ

Personality Test က နှစ်ပေါင်းတော်တော်ကြာပါပြီ။ ဒီ Test ကို ဘယ်လိုခေါ်လဲဆိုတော့ MBTI လို့ခေါ်ပါတယ်။ ဒါက ၁၉၁၇ ခုနှစ်လောက်မှာစခဲ့တာ။ ဘယ်လိုစလဲဆိုတော့ အမေရိကန်နိုင်ငံမှာ Briggs ဆိုတဲ့ အမျိုးသမီးကြီးတစ်ယောက်ရှိတယ်။ အဲဒီအမျိုးသမီးရဲ့သမီးက Myers လို့ခေါ်တယ်။ တစ်ရက်မှာ သူ့ရဲ့သမက်လောင်းနဲ့ တွေ့ရတော့မယ့်အချိန်မှာ သူစဉ်းစားတာက "ငါ့အိမ်ကိုရောက်လာမယ့် သမက်လောင်းက ငါတို့နဲ့ကိုက်ပါ့မလား" ဆိုပြီးတော့စဉ်းစားမိပြီး သူ့သမက်ကိုလေ့လာတယ်။ သူ့သမက်က ဘယ်နေရာတွေမှာတော်သလဲ၊ စိတ်နေစိတ်ထားက ဘယ်လိုလဲ၊ ဘာတွေလုပ်နိုင်လဲဆိုပြီးတော့လေ့လာတယ်။ ပြီးတော့ သူ့တို့ တစ်အိမ်လုံးကိုလည်းလေ့လာတယ်။ ဒီလိုနဲ့ MBTI Test ကြီးဖြစ်လာတာပါ။ ကျွန်တော်စစ်ခဲ့တုန်းကတော့ ၈၀ ရာခိုင်နှုန်းကနေ ၉၀ ရာခိုင်နှုန်းအထိမှန်တယ်။




ဒီ Test ကို ကျွန်တော့်ရဲ့ Unlocker အဖွဲ့ဝင်တွေကို အခမဲ့စစ်ပေးခဲ့တယ်။ Master Coaching မှာလည်း Master Coach တွေကို စစ်ပေးတယ်။ အဲဒီမှာ ၈၀ ရာခိုင်နှုန်းကနေ ၁၀၀ ရာခိုင်နှုန်းအထိမှန်တယ်လို့ အားလုံးကလက်ခံကြတယ်။ MBTI အကြောင်းကို သိသွားပြီဆိုရင် လူတစ်ယောက်ကိုကြည့်လိုက်တာနဲ့ သူ့ကိုတစ်ခါတည်း ဗေဒင်ဟောပေးလိုက်လို့ရတယ်။ ခင်ဗျားဘယ်နေရာတွေမှာတော်တယ်၊ ခင်ဗျား ဘာအလုပ်လုပ်ရင်အဆင်ပြေမယ်၊ ဘာအလုပ်လုပ်ရင် အောင်မြင်မယ်ဆိုတာကို ချက်ချင်းပြောလို့ရတဲ့အထိအသုံးဝင်ပါလိမ့်မယ်။

Briggs နဲ့ Myers ဆိုတဲ့ သားအမိနှစ်ယောက်ကနေ ဖော်ထုတ်ခဲ့တယ်ဆိုပေမဲ့ နောက်ပိုင်းမှာ ကမ္ဘာကျော်သွားခဲ့တယ်။ အခုဆိုရင် ဒေါ်လာငွေဘီလီယံတန်ဖိုးရှိတဲ့ Personality Test ကြီးဖြစ်သွားခဲ့တယ်။ စစ်ချင်တဲ့သူက ပိုက်ဆံပေးပြီးစစ်တယ်။ နောက်တော့ကြားထဲကပွဲစားတွေက သူတို့ဆီကဝယ်ပြီးတော့ အွန်လိုင်းပေါ်မှာ ပြန်စစ်ပေးတဲ့အထိကို ဖြစ်သွားတယ်။

ဒီ Test က လူတွေမှာရှိတဲ့ အချက်လေးချက်ကို အခြေခံထားတယ်။

လူတွေရဲ့ -

၁။ စွမ်းအား (Charging) ဖြည့်တဲ့ပုံစံ

၂။ သတင်းအချက်အလက်တွေကို စုဆောင်းတဲ့ ပုံစံ

၃။ ဆုံးဖြတ်ချက်ချတဲ့ပုံစံ

၄။ လောကကြီးကိုပြန်လည်တုံ့ပြန်တဲ့ပုံစံ

ဒီလေးချက်ပေါ်ကြည့်ပြီး စစ်ဆေးထားတဲ့ Test ပါ။ Test မစစ်ခင်အပေါ်ကပြောခဲ့တဲ့ အချက်လေးချက်အကြောင်း အရင်လေ့လာကြည့်ရအောင်ပါ။

တချို့သောသူတွေက Extrovert လို့ခေါ်တဲ့ အပြင်စွဲဖြစ်တယ်။ ဘယ်လိုမျိုးလဲဆိုတော့ သူတို့ရဲ့စွမ်းအင် (Energy) တွေပြည့်လာဖို့အတွက်ကို ပြင်ပကလူတွေနဲ့လိုက်ပြီးတွေ့ရတယ်၊ စကားတွေပြောရတယ်။ ဥပမာ- အသည်းကွဲလာရင် သူငယ်ချင်းတွေနဲ့လျှောက်စား၊ လျှောက်သွားလိုက်ရရင် ပြေပျောက်သွားတတ်တာမျိုးပါ။ ဒါပေမဲ့ အတွင်းစွဲလို့ခေါ်တဲ့ Introvert တွေကျတော့ သူတို့အား Charging ပြည့်ဖို့အတွက် တစ်ယောက်တည်းပဲနေလိုက်ရတယ်။ Introvert တွေ အသည်းကွဲရင် တစ်နေရာရာမှာ တစ်ယောက်တည်းနေပြီး ခွေခေါက်နေလိုက်ရမှ၊ ဒါမှမဟုတ် တစ်ယောက်တည်း ထိုင်တွေး၊ ထိုင်ငေးနေရမှ အားပြန်ပြည့်လာတာမျိုးဖြစ်တယ်။

Extrovert က တခြားသူတွေနဲ့လိုက်တွေ့ရင် Charging ပြည့်တယ်။ Extrovert သမားကို အခန်းထဲ တစ်ယောက်တည်းထည့်လိုက်ရင် Charging တွေခန်းသွားမယ်၊ စိတ်တွေညစ်မယ်၊ စိတ်ဓာတ်တွေကျမယ်၊ မပျော်တော့ဘူး။ ဒါပေမဲ့ Introvert သမားကို အပြင်ကိုခေါ်ထုတ်ပြီး လူတွေနဲ့တွေ့ပေးလိုက်ရင် သူတို့ကမပျော်ဘူး။ တခြားသူတွေအများကြီးနဲ့ မပြောချင်ဘူး။ ဒါပေမဲ့ ကျွန်တော်တို့ကျတော့ Introvert ဖြစ်ပေမဲ့ အမြဲတမ်း လုပ်ရတဲ့လုပ်ငန်းက လူအများနဲ့လုပ်ရတဲ့လုပ်ငန်းဖြစ်တဲ့အတွက် အမြဲတမ်း

ရှေ့ထွက်ပြောဆိုနေရတယ်။ Extrovert ပုံစံဖြစ်နေတယ်။ ကျွန်တော့်ရဲ့ မူရင်းအစစ်အမှန်က Introvert ပါ။

နောက်တစ်ခုက လူတစ်ယောက်နဲ့တစ်ယောက် သတင်းအချက်အလက် (Information) ယူတဲ့ပုံစံချင်းမတူကြဘူး။ သတင်းအချက်အလက်တွေကို ဦးနှောက်ထဲထည့်တဲ့ပုံစံပေ့ါ။ တချို့ကျတော့ အာရုံငါးပါးနဲ့ သတင်းအချက်အလက်ယူကြတယ်။ ကြားတယ်၊ မြင်တယ်၊ အရသာခံစားတယ်၊ အထိအတွေ့၊ အနံ့။ အဲဒီငါးခုအပေါ်မှာ အခြေခံပြီး သတင်းအချက်အလက်တွေယူကြတာ။ သူတို့ကိုအာရုံငါးပါးသုံးတဲ့သူ Sensing သမားလို့ခေါ်ပါတယ်။ သူတို့က "ငါဒီနေ့ဘာမြင်ခဲ့တယ်၊ ဘာတွေခံစားခဲ့ရတယ်၊ ဘာတွေကြားခဲ့ရတယ်၊ ဒီနေ့ဘာတွေ့ခဲ့တယ်၊ အဲဒီတော့ ဒီလိုဒီလိုဖြစ်နိုင်တယ်" ဆိုပြီးတော့ Sense (အာရုံ) နဲ့သွားတာ။

ဒါပေမဲ့ တချို့တွေကကျတော့ အလိုလိုသိတာ။ Intuition သမားလို့ခေါ်တယ်။ သူတို့ကကျတော့ အလိုလိုသိစိတ်နဲ့သွားတာ။ သူ့စိတ်ထဲကနေ အလိုလိုသိနေတာ။ ဥပမာ- တစ်ခုခုဖြစ်တော့မယ်နော်။ ငါသိနေတယ်နော်။ နင်တို့ဒီနေ့မသွားကြနဲ့။ ငါစိတ်ထဲမှာလေးနေတယ်။ ငါသိနေတယ်ဆိုတာမျိုး။

နောက်တစ်ခုကကျတော့ ဆုံးဖြတ်ချက်ချတဲ့အခါ အတွေး (Thinking) သမားဆိုတာရှိတယ်။ Feeling သမားဆိုတာရှိတယ်။ အတွေးသမားတွေဆုံးဖြတ်ချက်တွေချတဲ့အခါမှာ တချို့သူတွေက စနစ်တကျသေချာချက်နဲ့လက်နဲ့တွေးပြီးမှဆုံးဖြတ်တယ်။ ဒါပြီးရင် ဒါလာတယ်၊ ဒါဖြစ်ရင်ဒါဆက်ဖြစ်တယ်၊ ဒါကြောင့်မလို့ ဒါဖြစ်တယ်ဆိုတဲ့ အတိုင်းသွားတာ။ ဒါပေမဲ့ ခံစားချက် (Feeling) သမားကျတော့ အဲဒီလို မဟုတ်ဘူး။ အချက်အလက်တွေထက် ခံစားချက်နဲ့ပဲဆုံးဖြတ်ချက်ချတာ။ အားနာတတ်တယ်။

ဥပမာပြောရမယ်ဆိုရင် ကုမ္ပဏီတစ်ခုမှာ အလုပ်အတူတူလုပ်ကြ

တယ်ဆိုပါစို့။ ပြီးတော့ ကုမ္ပဏီပိုင်ရှင်ကပြောတယ်။ ကျွန်တော်တို့ Sales Target ၁၀၀ ရာခိုင်နှုန်းထိတယ်ဆိုရင် တစ်ရုံးလုံးကို အမေရိကပို့မယ်။ ၈၀ ရာခိုင်နှုန်းပဲထိတယ်ဆိုရင် တကယ်ကိုအလုပ်ကြိုးစားတဲ့သူတွေကိုပဲ အမေရိကပို့မယ်။ ကျန်တဲ့သူတွေမလိုက်ရဘူး။ အဲဒီလိုပိုင်ရှင်က ဆုံးဖြတ်ထားတယ်ဆိုကြပါစို့။


အဲဒီအချိန်မှာ ဖြစ်ချင်တော့ Sales Target က ၈၀ ရာခိုင်နှုန်းပဲထိတာကို Thinking (အတွေး) သမားက ဘယ်လိုတွေးသလဲဆိုတော့ “ငါတို့ကြိုးစားလို့ ငါတို့လုပ်ခဲ့လို့ ၈၀ ရာခိုင်နှုန်းထိတာ။ အဲဒီတော့ မထိတဲ့သူတွေနေခဲ့။ ငါတို့ အမေရိကသွားမယ်” လို့တွေးတယ်။ Feeling (ခံစားချက်) သမားကတော့ “ငါတို့တစ်ရုံးလုံးအတူတူလုပ်လာကြတာပဲ။ နှစ်လည်းကြာပြီ။ အဲဒီတော့ ဒီလိုလုပ်ပါလား။ တစ်ရုံးလုံး အမေရိက မသွားဘဲ ဘန်ကောက်ပဲသွားလိုက်ကြရအောင်။ ငါ့သူငယ်ချင်းတွေကို မထားခဲ့နိုင်ဘူး။

“Feeling သမားက ခံစားချက်နဲ့ပဲဆုံးဖြတ်ချက်ချတယ်။ Thinker သမားကကျတော့ ချက်နဲ့လက်နဲ့ဆုံးဖြတ်ချက်ချတယ်။ ဒါဟာ ကျွန်တော်တို့ ဆုံးဖြတ်ချက်ချတဲ့နေရာမှာသွားတဲ့ Process ဖြစ်ပါတယ်။ တစ်ခုခုဖြစ်လာပြီဆို စနစ်တကျအကဲဖြတ်သူ (Judger) ဟာ ဘာတွေလုပ်ရမလဲဆိုတာကို ခေါင်းထဲမှာအစီအစဉ်ဆွဲထားပြီး စနစ်တကျလုပ်တယ်။ မစခင်ကတည်းက အဆုံးထိအောင်တွေးပြီးပြီ။ နောက်တစ်မျိုးကတော့ ခံယူချက်နဲ့အကဲဖြတ်သူ (Perceiver) ပါ။ သူကတော့ မီးစင်ကြည့်ကမယ့်သူပေါ့။ သိပ်စနစ်မကျတဲ့သူပေါ့။ သူ့အလိုလို ဖြစ်သွားမှာပါဆိုတဲ့ခံယူချက်ရှိတယ်။

နောက်တစ်ခုက လောကကြီးကို ပြန်လည်တုံ့ပြန်တဲ့ပုံစံပေါ့။ တစ်ခုခုဖြစ်

ဒီလေးခုပေါ်မှာ အခြေခံပြီးတော့မှ MBTI ဆိုတာ ဖြစ်လာတာ။ M ကတော့သမီးရဲ့နာမည် Myers ။ B ကတော့ အမေရဲ့နာမည် Briggs ပါ။ T ကတော့ Type။ I ကတော့ Indicator ဖော်ပြချက်ပေါ့။ အရှည်

က Myers and Briggs Type Indicator ဖြစ်ပြီးအတိုကောက်ကတော့ MBTI ပေါ့။




❐

# လိုက်နာရမည့်အချက်များ

ဒီ Test စစ်တဲ့အခါ ၈၀ ရာခိုင်နှုန်းအထိ အဖြေမှန်ထွက်ချင်တယ်ဆိုရင် အောက်ကအချက်တွေကို မဖြစ်မနေလိုက်နာဖို့လိုပါတယ်။ ဒီ Test အတွက် မေးခွန်း ၆၀ ရှိပါတယ်။ ၆၀ လုံးဖြေရပါမယ်။

အဲဒီမေးခွန်း ၆၀ ဖြေနေတဲ့အချိန်မှာ
၁။ အိပ်ရေးဝပါစေ။
၂။ စိတ်ကြည်လင်နေပါစေ။
၃။ နေထိုင်ကောင်းနေတဲ့အချိန်ဖြစ်ပါစေ (ဥပမာ- ခေါင်းမူး၊ ခေါင်းကိုက်ဖြစ်နေချိန်မျိုးရှောင်ပါ။)
၄။ သိစိတ်နဲ့ဖြေလို့မရပါဘူး။ မသိစိတ်နဲ့ပဲ ဖြေရပါမယ်။ မသိစိတ်နဲ့ဖြေတာဘာလဲလို့မေးရင် မေးခွန်းကိုပုံမှန်ဖတ်ပါ။ မြန်မြန်လည်းမဖတ်ပါနဲ့၊ အကြာကြီးလည်းမဖတ်ပါနဲ့။ ပြီးရင်နှစ်ကြိမ်ထက်လည်း ပိုမဖတ်ပါနဲ့။ ပထမတစ်ကြိမ်နဲ့ စိတ်ထဲနားလည်လိုက်တယ်ထင်ရင် ချက်ချင်းဖြေလိုက်ပါ။ လုံးဝနားမလည် လိုက်ဘူးဆိုမှ နှစ်ကြိမ်မြောက်ပြန်ဖတ်ပါ။
ဒီလေးချက်ကို မဖြစ်မနေလိုက်နာဖို့ လိုအပ်ပါတယ်။

အရေးအကြီးဆုံးကတော့ ပြည့်စုံမှုလုပ်တတ်တဲ့လူမျိုးက မေးခွန်းကိုတိတိကျကျနားမလည်ဘဲ ဖြေရမှာမျိုးအဆင်မပြေတတ်ကြဘူး။ မှားမယ်လို့ထင်ကြတယ်။ အဲဒါက တခြားနေရာမှာမှန်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာတော့မမှန်ပါဘူး။ မေးခွန်းကိုပုံမှန်နှုန်းနဲ့ဖတ်ပြီး စိတ်ထဲမှာ ပထမဆုံးပေါ်လာတဲ့အဖြေက ကိုယ်အစစ်ပါပဲ။ မလိုက်နာဘဲ မေးခွန်းကို အထပ်ထပ်အခါခါဖတ်ပြီးမှ တိတိကျကျကိုနားလည်မှ ဖြေမယ်ဆိုရင်တော့ တစ်သက်လုံးရရှိထားတဲ့အတွေ့အကြုံတွေ၊ ဗဟုသုတတွေက ချိတ်ဆက်ပြီး ထုတ်ပေးတဲ့အဖြေပဲဖြစ်ပါလိမ့်မယ်။ ကိုယ်အစစ်ကထုတ်ပေးတဲ့ အဖြေ မဟုတ်တော့ပါဘူး။ ဒီလောက်ဆို ကျွန်တော်ပေးထားတဲ့အချက်တွေ လိုက်နာလိမ့်မယ်လို့ယုံကြည်ပါတယ်။

❒

# Test ဖြေနည်း

| | A | B | | A | B | | A | B | | A | B |
|---|---|---|---|---|---|---|---|---|---|---|---|
| 1 | | | 2 | | | 3 | | | 4 | | |
| 5 | | | 6 | | | 7 | | | 8 | | |
| 9 | | | 10 | | | 11 | | | 12 | | |
| 13 | | | 14 | | | 15 | | | 16 | | |
| 17 | | | 18 | | | 19 | | | 20 | | |
| 21 | | | 22 | | | 23 | | | 24 | | |
| 25 | | | 26 | | | 27 | | | 28 | | |
| 29 | | | 30 | | | 31 | | | 32 | | |
| 33 | | | 34 | | | 35 | | | 36 | | |
| 37 | | | 38 | | | 39 | | | 40 | | |
| 41 | | | 42 | | | 43 | | | 44 | | |
| 45 | | | 46 | | | 47 | | | 48 | | |
| 49 | | | 50 | | | 51 | | | 52 | | |
| 53 | | | 54 | | | 55 | | | 56 | | |
| 57 | | | 58 | | | 59 | | | 60 | | |
| TOTAL | | | TOTAL | | | TOTAL | | | TOTAL | | |
| | E | I | | S | N | | T | F | | J | P |

**Your Type:**

| | | | |
|---|---|---|---|
| | | | |

ဇယားကွက်ကိုကြည့်ပါ။ ပြီးရင်ဒီဇယားကွက်ကို စာအုပ်ထဲမှာ ချဆွဲပေးပါ။ ၂ အကွက်ပေါင်း ၆၀ ရှိပါလိမ့်မယ်။ ၁ ရဲ့ ဘေးမှာ A နဲ့ B နဲ့ရှိမယ်၊ ၂ ရဲ့ဘေးမှာလည်း A နဲ့ B နဲ့ရှိလိမ့်မယ်။ နံပါတ်အားလုံးမှာ A နဲ့ B

ရှိလိမ့်မယ်။

မေးခွန်းကိုဖတ်ပါ။ ပြီးရင် ကိုယ့်စာအုပ်ထဲကဇယားမှာလာဖြေပါ။ မေးခွန်း ၁ ရဲ့အဖြေဟာ ကိုယ့်အတွက် A နဲ့ကိုက်ညီတယ်ဆို A ရဲ့အောက်မှာအမှတ်လေးခြစ်လိုက်ပါ။ B ဖြစ်တယ်ဆိုရင် B ရဲ့အောက်မှာခြစ်ပါ။ မေးခွန်း ၆၀ လုံး ဒီအတိုင်းဖြေသွားရပါမယ်။ အားလုံးခြစ်ပြီးသွားရင် ဇယားရဲ့အောက်ဖက်မှာ ပေးထားတဲ့ Total အကွက်ထဲမှာ A အားလုံးရဲ့ စုစုပေါင်းရမှတ်၊ B အားလုံးရဲ့ စုစုပေါင်းရမှတ်တွေကိုဖြည့်ပါ။ A မှာ ၅ ရရင် အောက်ဆုံးမှာ ၅ လို့ရေးပါ။ B မှာ ၇ ရရင် ၇ လို့ရေးပေးပါ။ ဒီလိုပဲဆက်ပေါင်းသွားပါမယ်။ မေးခွန်း ၆၀ လုံးဖြေပြီး အမှတ်အားလုံးကို ပေါင်းပါ။ ဥပမာအနေနဲ့အောက်ကပုံကိုကြည့်ပါ။

| | A | B | | A | B | | A | B | | A | B |
|---|---|---|---|---|---|---|---|---|---|---|---|
| 1 | ✓ | | 2 | | ✓ | 3 | ✓ | | 4 | ✓ | |
| 5 | ✓ | | 6 | ✓ | | 7 | | ✓ | 8 | ✓ | |
| 9 | ✓ | | 10 | ✓ | | 11 | ✓ | | 12 | | ✓ |
| 13 | ✓ | | 14 | | ✓ | 15 | ✓ | | 16 | ✓ | |
| 17 | | ✓ | 18 | ✓ | | 19 | | ✓ | 20 | | ✓ |
| 21 | | ✓ | 22 | | ✓ | 23 | ✓ | | 24 | ✓ | |
| 25 | ✓ | | 26 | ✓ | | 27 | | ✓ | 28 | ✓ | |
| 29 | | ✓ | 30 | | ✓ | 31 | ✓ | | 32 | | ✓ |
| 33 | ✓ | | 34 | ✓ | | 35 | | ✓ | 36 | ✓ | |
| 37 | | ✓ | 38 | ✓ | | 39 | ✓ | | 40 | ✓ | |
| 41 | ✓ | | 42 | ✓ | | 43 | ✓ | | 44 | ✓ | |
| 45 | ✓ | | 46 | | ✓ | 47 | | ✓ | 48 | ✓ | |
| 49 | ✓ | | 50 | ✓ | | 51 | | ✓ | 52 | | ✓ |
| 53 | ✓ | | 54 | | ✓ | 55 | ✓ | | 56 | ✓ | |
| 57 | | ✓ | 58 | ✓ | | 59 | | ✓ | 60 | ✓ | |
| | | | | | | | | | | | |
| TOTAL | 10 | 5 | TOTAL | 9 | 6 | TOTAL | 8 | 7 | TOTAL | 11 | 4 |
| | E | I | | S | N | | T | F | | J | P |

| Your Type: | E | S | T | J |
|---|---|---|---|---|

Total အကွက်ထဲ စုစုပေါင်းရမှတ်တွေထည့်ပြီးတဲ့အခါ မိမိရဲ့ Type ကို ရွေးထုတ်ပါမယ်။ ရွေးထုတ်ရမယ့်ပုံစံကတော့ Total တစ်ခုချင်းစီရဲ့ A နဲ့ B ကိုယှဉ်ပါ။ များတဲ့အမှတ်ရဲ့အောက်က အက္ခရာကိုယူရပါမယ်။ ပုံကိုပြန်ကြည့်ပါ။ Your Type ဆိုတဲ့အကွက်ရဲ့ ပထမဆုံးမှာဖြည့်ထားတဲ့ E ဆိုတာ ဇယားကွက်ကြီးထဲက ပထမဆုံး Total အကွက်ရဲ့ A နဲ့ B မှာ အမှတ်ပိုများတဲ့ A ရဲ့အောက်က E ကိုယူထားတာပါ။ အောက်ဆုံးမှာပြထားတဲ့ EISNTFJP ဆိုတဲ့အက္ခရာတွေက နောက်ပိုင်းမှာ အဖြေဖတ်ဖို့ပါ။

နမူနာပြထားတဲ့ ESTJ ဆိုတာ A နဲ့ B မှာ အမှတ်များတာတွေကို ရွေးထုတ်လိုက်တဲ့အခါ ထွက်လာပါလိမ့်မယ်။ နားလည်ပြီလို့ထင်ပါတယ်။ ဒီတော့ကိုယ်တိုင်အတွက် စစ်လို့ရပါပြီ။ မေးခွန်းတွေစပြီးဖြေပါ။

❐

# မေးခွန်းများ

၁။ သူငယ်ချင်းအများကြီးနဲ့ ပျော်ရတာကြိုက်လား။ အခင်ဆုံးသူငယ်ချင်း နည်းနည်းလေးနဲ့ပဲ ပျော်ရတာကြိုက်လား။

(A) သူငယ်ချင်းများများ

(B) အခင်ဆုံးသူငယ်ချင်းနည်းနည်း

၂။ အချက်အလက်နဲ့ ချင့်ချိန်ပြောပြရတာကို ကြိုက်လား၊ ဖြစ်နိုင်ခြေတွေကို မှန်းဆပြောရတာကြိုက်လား။

(A) အချက်လက်

(B) ဖြစ်နိုင်ခြေ

၃။ မိမိရဲ့ခံစားချက်ထက် သူများရဲ့ ခံစားချက်ကို ဦးစားပေးဖူးလား။

(A) စဉ်းစားပေးဖူးတာ မရှိသလောက်ပါပဲ။

(B) တစ်ခါတ စ်လေ စဉ်းစားပေးဖူးတယ်။

၄။ လုပ်စရာအလုပ်တွေကို စာရင်းပြုစုပြီး လုပ်ဖြစ်လား။

(A) မကြာခဏလုပ်ဖြစ်တယ်။

(B) သိပ်မလုပ်ဖြစ်ဘူး။

၅။ မပြောခင် အရင်စဉ်းစားဖြစ်လား။

(A) မကြာခဏ စဉ်းစားဖြစ်တယ်။

(B) သိပ်မစဉ်းစားဖြစ်ဘူး။

၆။ စနစ်တကျဖြစ်တဲ့အလုပ်ကို လုပ်ချင်တာလား၊ အသစ်အဆန်းဖြစ်ပြီး စိတ်လှုပ်ရှားစရာကောင်းတဲ့ အလုပ်ကိုလုပ်ချင်တာလား။

(A) စနစ်ကျတဲ့ အလုပ်။

(B) ဆန်းသစ်ပြီး စိတ်လှုပ်ရှားစေတဲ့အလုပ်။

၇။ စာသင်ခန်းထဲမှာဆိုရင် ကိုယ့်အတန်းဖော်တွေရဲ့ လေးစားမှုကို လိုချင်တာလား၊ ကြိုက်နှစ်သက်မှုကို လိုချင်တာလား။

(A) လေးစားမှု

(B) ကြိုက်နှစ်သက်မှု

၈။ ကိုယ်ဟာ ဆုံးဖြတ်ချက်ချရင် မြန်လား ၊ နှေးလား။

(A) မြန်တယ်။

(B) နှေးတယ်။

၉။ ကိုယ့်အကြောင်းကို လူတွေအချိန်တိုအတွင်း သိသွားကြတယ်၊ ဒါမှမဟုတ် အချိန်ကြာမှသိလာကြတယ်။

(A) အချိန်တိုအတွင်း သိတယ်။

(B) အချိန်ကြာမှ သိတယ်။

၁၀။ ကိုယ့်ကိုယ်ကိုယ် လက်တွေ့ကျသူလို့မြင်လား၊ စိတ်ကူးအတွေးကောင်းသူလို့မြင်လား။

(A) လက်တွေ့ကျသူ

(B) စိတ်ကူးအတွေးကောင်းသူ

၁၁။ တစ်ယောက်ယောက်က ပြောတဲ့စကားကိုလက်မခံနိုင်ရင် ပြိုင်ငြင်းတာလား။ တိတ်တိတ်နေလိုက်တာလား။

(A) ပြိုင်ငြင်းတယ်။

(B) တိတ်တိတ်နေလိုက်တယ်။

၁၂။ တစ်ခုခုလုပ်ရမယ်ဆို

(A) လုပ်သင့်တာကို အရင်လုပ်တာလား။

(B) လုပ်ချင်တာကို အရင်လုပ်တာလား။

၁၃။ စကားတွေအများကြီးပြောရတာကို ကြိုက်တာလား၊ ပြောသင့်တာကိုပဲပြောရတာကြိုက်လား။
(A) အများကြီးပြောရတာကိုကြိုက်တယ်။
(B) လိုအပ်သလောက်ပြောရတာကိုကြိုက်တယ်။

၁၄။ မင်းဟာ ဂရုတစိုက်အသေအချာလုပ်တတ်သူလား၊ မြန်မြန်ပြီးဖို့ ဦးစားပေးတတ်သူလား။
(A) သေချာလုပ်တတ်သူ
(B) မြန်မြန်ပြီးဖို့ ဦးစားပေးတတ်သူ

၁၅။ ပြဿနာဖြေရှင်းရတာနဲ့ လူတွေကိုကူညီရတာမှာ ဘယ်ဟာကို နှစ်သက်လဲ။
(A) ပြဿနာဖြေရှင်းရတာ
(B) လူတွေကို ကူညီရတာ

၁၆။ မင်းဟာ အလုပ်တစ်ခုကို အဆုံးသတ်ရတာနဲ့စလုပ်ရတာမှာ ဘယ်နေရာမှာပိုတော်လဲ။
(A) အဆုံးသတ်ရတာ
(B) စတင်ရတာ

၁၇။ မင်းဟာ လူတွေနဲ့စကားပြောလွယ်တဲ့သူလား၊ တစ်ယောက်တည်းနေဖို့အားသန်သူလား။
(A) စကားပြောလွယ်သူ
(B) တစ်ယောက်တည်းနေလိုသူ

၁၈။ အလုပ်တစ်ခုလုပ်ရမယ်ဆို အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက်လုပ်ရတာကြိုက်တာလား၊ လှုပ်လှုပ်ရှားရှား တက်တက်ကြွကြွလုပ်ရတာကိုကြိုက်တာလား။
(A) ငြိမ်သက်တာ
(B) လှုပ်ရှားတက်ကြွတာ

၁၉။ တစ်ခုခုကြောင့် အခက်ခဲတစ်ခုခုရှိပြီဆိုရင် ကိုယ့်ကိုကူညီမယ့်သူကိုလိုအပ်တာလား၊ ကိုယ့်ကိုတိတ်တိတ်ဆိတ်ဆိတ်တစ်ယောက်တည်းနေခွင့်ပေးမယ့်သူကို လိုအပ်တာလား။
(A) တိတ်ဆိတ်စွာ နေခွင့်ပေးသူ
(B) ကူညီမယ့်သူ

၂၀။ အစီစဉ်ဆွဲပြီး လုပ်ရတာပျော်တယ်။ အစီစဉ်မဆွဲဘဲ မီးစင်ကြည့်ကရတာမျိုးကိုပျော်တယ်။
(A) အစီစဉ်ဆွဲတာ
(B) အစီစဉ်မဆွဲတာ

၂၁။ အပေါင်းသင်းတွေနဲ့ ပြောဆိုသွားလာရတာနဲ့ တစ်ယောက်တည်းနေပြီး သုံးသပ်တွေးခေါ်နေရတာ ဘယ်ဟာကိုပိုကြိုက်တာလဲ။

(A) အပေါင်းသင်းတွေနဲ့ သွားလာပြောဆိုရတာ။

(B) တစ်ယောက်တည်းနေရတာ။

၂၂။ အလုပ်တစ်ခုကို ကိုယ်တိုင်ထိတွေ့ကိုင်တွယ်လုပ်ရတာနဲ့ စိတ်ကိုအသုံးပြုပြီးလုပ်ရတာ ဘယ်ဟာကိုပိုအားသန်လဲ။

(A) ကိုယ်တိုင်ထိတွေ့ကိုင်တွယ်ရတာ။

(B) စိတ်ကို အသုံးချရတာ။

၂၃။ မင်းရဲ့ဆရာကို မှုတစေချင်တာလား၊ ကျောင်းသားတွေအပေါ်ကြင်နာတတ်စေချင်တာလား။

(A) မှုတစေချင်တယ်။

(B) ကြင်နာတတ်စေချင်တယ်။

၂၄။ နောက်ဆုံးအချိန်ရောက်မှ အစီအစဉ်ပြောင်းတဲ့ ဖြစ်ရပ်မျိုးဖြစ်ခဲ့ရင် အလွန်စိတ်ညစ်တတ်တယ်။

(A) အမြဲစိတ်ညစ်တတ်တယ်။

(B) လုံးဝစိတ်မညစ်တတ်ပါ။

၂၅။ ကိုယ်နဲ့ခင်မင်တဲ့ မိတ်ဆွေနည်းပြီး လူသစ်များများပါဝင်တဲ့ ပါတီကြီးကြီးနဲ့ ကိုယ်နဲ့ခင်မင်တဲ့ မိတ်ဆွေများများပါဝင်တဲ့ ပါတီသေးသေး ဆိုရင် ဘယ်ပါတီကိုသွားမလဲ။

(A) ပါတီကြီး

(B) ပါတီသေး

၂၆။ စွန့်စွန့်စားစားအက်ရှင်ဇာတ်ကားနဲ့ လူစွမ်းကောင်းဇာတ်ကားမှာ ဘယ်ဇာတ်ကားကိုကြိုက်လဲ။

(A) အက်ရှင်ဇာတ်ကား

(B) လူစွမ်းကောင်းဇာတ်ကား

၂၇။ အငြင်းပွားမှုတွေ၊ ပဋိပက္ခတွေဆိုရင် အထူးရှောင်တယ်။ မှန်လား၊ မှားလား။

(A) မှားတယ်။

(B) မှန်တယ်။

၂၈။ တစ်ခုခုလုပ်စရာရှိရင် အလျှင်အမြန်လုပ်တတ်တယ်၊ အချိန်ဆွဲတတ်တယ်။

(A) အလျှင်အမြန် လုပ်တတ်တယ်။

(B) အချိန်ဆွဲတတ်တယ်။

၂၉။ တစ်ခါမှမသိဖူးတဲ့ လူသစ်တွေနဲ့စကားပြောဆိုဖို့ ကိုယ့်အတွက် လွယ်ကူတယ်။

(A) ဟုတ်ပါတယ်။

(B) မဟုတ်ပါ။

၃၀။ အလုပ်တစ်ခုကို တိတိကျကျသိရမှ လုပ်ချင်တယ်၊ ဒါမှမဟုတ် ကိုယ်ပိုင်တွေးခေါ်လုပ်ကိုင်ရတာကိုကြိုက်တယ်။

(A) အတိကျသိရမှ လုပ်ချင်တယ်။

(B) ကိုယ်အတွေးအခေါ်နဲ့မှ လုပ်ချင်တယ်။

၃၁။ ကိုယ်ဘာတွေ ခံစားနေရလဲဆိုတာကို လူတွေသိဖို့ခက်ခဲတယ်။ မှန်လား၊ မှားလား။

(A) မှားတယ်။

(B) မှန်တယ်။

၃၂။ ကိုယ့်ရဲ့အလုပ်ခွင်၊ ဒါမှမဟုတ်အလုပ်စားပွဲ စနစ်တကျဖြစ်နေဖို့ ကိုယ့်အတွက် အလွန်အရေးကြီးတယ်။

(A) အချိန်တိုင်းအတွက် အရေးကြီးတယ်။

(B) လုံးဝ အရေးမကြီးပါ။

၃၃။ လူအများနဲ့စကားပြောရတာနဲ့ ကိုယ်နဲ့အကြိုက်ချင်းတူတဲ့သူနဲ့ စကားပြောရတာ ဘယ်ဟာက ကိုယ့်ကိုပျော်ရွှင်စေတာလဲ။

(A) လူအများ

(B) အကြိုက်တူသူ

၃၄။ နည်းလမ်းအမှန်ကိုရအောင် ရှာတတ်တာလား၊ ကြုံသလိုလုပ်တတ်တာလား။

(A) နည်းလမ်းအမှန်ကိုရှာတယ်။

(B) ကြုံသလိုလုပ်တတ်တယ်။

၃၅။ အောက်ပါလုပ်ငန်းတွေကို ရွေးချယ်မယ်။

(A) မန်နေဂျာ၊ ဒေါက်တာ၊ လေယာဉ်မှူး

(B) သူနာပြု၊ အနုပညာရှင်၊ ပရဟိတ

၃၆။ အောက်ပါဖော်ပြထားတဲ့အရာများထဲမှ ကြားလိုက်ရတာနဲ့ နှစ်သက်စိတ်ကို ဖြစ်ပေါ်စေတဲ့အရာက -

(A) စနစ်ကျတယ်၊ အချိန်မှန်တယ်၊ တိကျမှန်ကန်တယ်

(B) ပြောင်းလွယ်ပြင်လွယ်ရှိတယ်၊ လွတ်လပ်မှုရှိတယ်၊ စိတ်ကြိုက်လုပ်ကိုင်ခွင့်ရှိတယ်။

၃၇။ တွေ့ဆုံပွဲတွေ၊ ပါတီပွဲတွေမှာ စကားပြောအများဆုံးက
(A) ကိုယ်
(B) အခြားသူတွေ

၃၈။ တည်ဆောက်အကောင်ထည်ဖော်ခြင်းနဲ့ တီထွင်ဆန်းသစ်ခြင်းမှာ ဘယ်အရာက ကိုယ့်ကို ပိုစိတ်လှုပ်ရှားစေမလဲ။
(A) တည်ဆောက်အကောင်ထည်ဖော်ခြင်း
(B) တီထွင်ဆန်းသစ်ခြင်း

၃၉။ ပြဿနာတစ်ခုဖြစ်လာရင် ဖြေရှင်းမှာလား၊ နစ်မျောနေမှာလား။
(A) ဖြေရှင်းမယ်။
(B) နစ်မျောနေမယ်။

၄၀။ အလုပ်တစ်ခုမစခင်မှာ အစီအစဉ်အရင်ဆွဲမလား၊ လုပ်နေကျအတိုင်း လုပ်မှာလား။
(A) အစီအစဉ်ဆွဲမယ်။
(B) လုပ်နေကျအတိုင်းလုပ်မယ်။

၄၁။ အိမ်မှာနေမကောင်းဖြစ်နေစဉ် လူနာလာမေးကြတာကို လိုအပ်တယ်၊ ဒါမှမဟုတ် တစ်ယောက်တည်း နေရတာကိုပဲလိုလားတယ်။
(A) လူနာလာမေးတာ။
(B) တစ်ယောက်တည်းနေရတာ။

၄၂။ အောက်ဖော်ပြပါ အချက်နှစ်ချက်မှာ ကိုယ့်အတွက် အရေးကြီးတာကို ရွေးပါ။
(A) လက်တွေ့ကျခြင်း
(B) စိတ်ကူးထဲမှာအကောင်ထည်ဖော်ခြင်း

၄၃။ ကိုယ်ကစိတ်ခိုင်မာသလား၊ နူးညံ့တဲ့နှလုံးသားရှိသူလား။
(A) စိတ်ခိုင်မာသူ
(B) နူးညံ့သူ

၄၄။ အလုပ်တစ်ခုခုလုပ်တဲ့အခါမှာ ကိုယ့်အတွက် တခြားသူတွေက ဆုံးဖြတ်ပေးတာကို ကြိုက်သလား၊ ဒါမှမဟုတ် ကိုယ်တိုင်ရွေးချယ်ချင်သလား။
(A) တခြားသူတွေဆုံးဖြတ်ပေးတာကြိုက်တယ်။
(B) ကိုယ်တိုင်ရွေးချယ်ချင်တယ်။

၄၅။ လူတွေအများကြီးနဲ့နေရတာကြိုက်သလား၊ တစ်ယောက်၊ နှစ်ယောက်တည်းနဲ့နေရတာကို ကြိုက်သလား။
(A) လူအများကြီးနဲ့နေရတာကြိုက်တယ်။
(B) လူနည်းနည်းနဲ့နေရတာကြိုက်တယ်။

၄၆။ ရှုပ်ထွေးပွေးလီတဲ့ Project တွေကိုသဘောမကျဘူး။
(A) မှားတယ်။
(B) မှန်တယ်။

၄၇။ ကိုယ့်ကိုယ်ကိုယ်ဆုံးဖြတ်ချက်ချရမယ်ဆိုရင် ငြိမ်ငြိမ်လေးနေတတ်တယ်၊ စိတ်ရှည်တယ်၊ တခြားသူတွေပေါ်မှာနားလည်တယ်လို့ပြောရင်
(A) မှားတယ်။
(B) မှန်တယ်။

၄၈။ ကျောင်းအားလပ်ရက်တွေဆိုရင် အစီအစဉ်တွေဆွဲပြီးတော့ အားလပ် ရက်တွေကို ဖြတ်သန်းရတာ ကြိုက်တယ်၊ ဒါမှမဟုတ် ပျော်သလိုနေမယ်။
(A) အစီအစဉ်ဆွဲပြီးဖြတ်သန်းရတာကြိုက်တယ်။
(B) ပျော်သလိုပဲနေရတာကိုကြိုက်တယ်။

၄၉။ ပုံမှန်တွေ့လို့ရမယ့် သူငယ်ချင်းအများကြီးရှိဖို့ ကိုယ့်အတွက် အရေးကြီးသလား၊ မကြီးဘူးလား။

(A) ကိုယ့်မှာသူငယ်ချင်းတွေ အများကြီးရှိဖို့အရေးကြီးတယ်။

(B) သူငယ်ချင်းအများကြီးမရှိလည်း အရေးမကြီးဘူး။

၅၀။ အခုလောလောဆယ်ကိုယ့်ရှေ့မှာမြင်နေရတဲ့အရာတွေက သူ့ဘာသူ ဖြစ်နေတာကို သတိထားမိပေမဲ့ ဘာမှမပြောတဲ့သူလား၊ ဒါမှမဟုတ် ဘယ်လိုဖြစ်သင့်တယ်။ ဘာဖြစ်သင့်တယ်ဆိုပြီး ကိုယ်ကတွေးမိသလား။

(A) ဒီအတိုင်းဖြစ်နေတာကို မြင်တဲ့အတိုင်းကြည့်နေတယ်။

(B) ဘယ်လိုဖြစ်ရမယ်၊ ဘယ်လိုဖြစ်သင့်တယ်ဆိုပြီးတော့ တွေးမိတယ်။

၅၁။ Project တွေလုပ်တဲ့အခါမှာ ကိုယ့်ကိုချီးမြှောက်တာ၊ ခွန်အားပေး တာတို့ကိုကြိုက်သလား။

(A) မကြိုက်ဘူး။

(B) ကြိုက်တယ်။

၅၂။ ကိုယ့်ရဲ့ရုံးအားလပ်ရက်တွေမှာ ဘာတွေလုပ်ရမလဲဆိုတာကြိုသိတာ ကိုကြိုက်သလား။

(A) ကြိုက်တယ်။

(B) မကြိုက်ဘူး။

၅၃။ အောက်မှာဖော်ပြထားတာတွေထဲက ဘယ်အရာကိုကြိုက်ပါသလဲ။

(A) စကားတွေပြောရတာ၊ လန်းလန်းဆန်းဆန်းတက်တက်ကြွကြွသွားနေရာတာကိုကြိုက်တယ်။

(B) ငြိမ်ငြိမ်လေးပဲနေရတာ၊ ကိုယ်တစ်ယောက်တည်းပဲနေရတာ။

၅၄။ ကိုယ်က စိတ်ဝင်စားစရာကောင်းတဲ့ အချက်အလက်တွေကို မှတ်သားရတာလွယ်ကူသလား၊ ဒါမှမဟုတ် စိတ္တဇဆန်တဲ့ Idea တွေ၊ သီအိုရီတွေကိုမှတ်သားရတာလွယ်သလား။

(A) စိတ်ဝင်စားစရာကောင်းတဲ့ အချက်အလက်တွေကိုမှတ်သားရတာလွယ်တယ်။

(B) သီအိုရီတွေကို မှတ်သားရတာလွယ်တယ်။

၅၅။ ဆုံးဖြတ်ချက်ချတဲ့အခါ၊ ဒါမှမဟုတ် ဆုံးဖြတ်ချက်မချခင်မှာ လူတွေရဲ့ အကြံဉာဏ်တွေကိုယူသလား။

(A) လုံးဝမယူဘူး။

(B) ယူတယ်။

၅၆။ Timetable (ဇယားကွက်) တွေ၊ Deadline လို့ခေါ်တဲ့ အဆုံးရက်သတ်မှတ်ထားတာတွေနဲ့ နေရတာကိုကြိုက်သလား။

(A) ကြိုက်တယ်။

(B) မကြိုက်ဘူး။

၅၇။ လူတွေကကိုယ့်ကို "လူတွေအများကြီးနဲ့နေချင်တဲ့သူ" လို့ပြောကြတယ်၊ ဒါမှမဟုတ် "တစ်ယောက်တည်း နေချင်တဲ့သူ" လို့ပြောကြတယ်။

(A) လူတွေအများကြီးနဲ့နေချင်တဲ့သူ။

(B) တစ်ယောက်တည်းနေချင်တဲ့သူ။

၅၈။ တကယ့်လူအစစ်အမှန်တွေ၊ တကယ့်စစ်မှန်တဲ့အကြောင်းအရာတွေကိုကြိုက်သလား၊ ဒါမှမဟုတ် စိတ်ကူးထဲကပုံဖော်ထားတဲ့လူတွေ၊ စိတ်ကူးထဲမှာ ပုံဖော်ထားတဲ့နေရာတွေရဲ့အကြောင်းကို ကြိုက်သလား။

(A) တကယ့်လူအစစ်တွေ၊ နေရာအစစ်တွေကိုကြိုက်တယ်။

(B) စိတ်ကူးထဲမှာ ပုံဖော်ထားတဲ့ လူတွေနဲ့ နေရာတွေကိုကြိုက်တယ်။

၅၉။ တခြားသူတွေကကိုယ့်ကိုတော်တဲ့သူလို့မြင်သလား၊ ဂရုစိုက်တတ်တဲ့သူလို့မြင်သလား။

(A) တော်တဲ့သူ

(B) ဂရုစိုက်တတ်သူ

၆၀။ ကိုယ့်မှာဆရာတစ်ယောက်ရှိရမယ်ဆိုရင် စနစ်ကျတဲ့ဆရာကိုကြိုက်သလား၊ ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ်နေတဲ့သူကိုကြိုက်ပါသလား။

(A) စနစ်ကျတဲ့ဆရာ

(B) ပျော်ပျော်ရွှင်ရွှင်နေတဲ့ဆရာ။

အခုဆို မေးခွန်းအားလုံးဖြေခဲ့ပြီးပြီဆိုတော့ ရလဒ်စစ်ဖို့ပဲကျန်ပါမယ်။

စာဖတ်သူမိတ်ဆွေတော့ ဘယ်လိုရှိတယ်မသိဘူး။ ကျွန်တော်ကတော့ မေးခွန်းလေးတွေဖြေတိုင်း သမက်ဖြစ်လာမယ့်လူသားတစ်

ယောက်ကို မိသားစုနဲ့ကိုက်ညီမှု ရှိမရှိသိချင်နေတဲ့ သမီးတစ်ယောက်ရဲ့မိခင် Briggs ရဲ့စေ့စပ်မှု၊ တိကျမှု၊ စိုးရိမ်ပူပန်မှုလေးတွေနဲ့ ကြိုးစားအားထုတ်မှု လေးတွေကိုခံစားမိတယ်။ ပြီးတော့ ကျေးဇူးလည်းတင်မိပါတယ်။ ဒီတော့ ရလဒ်စစ်ရအောင်ပါ။ အပေါ်မှာဖော်ပြထားခဲ့သလို Total ဘေးအကွက် တွေမှာ A or B ကို ရွေးထုတ်လိုက်ပါ။ အမှတ်များတဲ့ တစ်ခုကိုရွေးရမှာပါ။ ထွက်လာတဲ့ A or B ရဲ့အောက်က EISNTFJP ဆိုတဲ့ အက္ခရာတစ်ခုစီကို ရွေးထုတ်လိုက်ရင် ရလာတဲ့အက္ခရာလေးလုံးကကိုယ်ပါပဲ။

ဟုတ်ပါတယ်။ အဲဒီအက္ခရာအတွဲလေးက ကိုယ့်အကြောင်းကို ပြောပြမှာပါ။ အက္ခရာလေးလုံးတွဲပေါင်း ၁၆ တွဲရှိပါလိမ့်မယ်။ အဲဒီထဲက မိမိအတွက်ရလာတဲ့ အက္ခရာအတွဲကို အရင်ရှာပြီးဖတ်ကြည့်ပါခင်ဗျာ။ လောကမှာ စိတ်ဝင်စားစရာ အကောင်းဆုံးအကြောင်းရာဖြစ်တဲ့ မိမိ အကြောင်းကို ၈၀ ရာခိုင်နှုန်းအထိ မှန်မှန်ကန်ကန်သိရပါတော့မယ်။

❐


# ENFJ = Everyone Needs Fulfillment and Joy

ENFJ ဆိုတဲ့ Personality Type ကို ပိုင်ဆိုင်ထားတဲ့သူတွေကိုရှေ့ဆောင်လမ်းပြလုပ်သူ (The Mentor) တွေလို့ခေါ်ကြတယ်။ ရှေ့ဆောင်လမ်းပြလုပ်ရတာကို ကြိုက်နှစ်သက်တဲ့ သူတွေဖြစ်တယ်။ လူတိုင်းဟာစိတ်ချမ်းမြေ့မှု၊ ပျော်ရွှင်မှုကိုလိုအပ်တယ်လို့ခံယူထားပြီး အဲဒါတွေကို လူတိုင်းကိုပေးချင်တဲ့သူတွေဖြစ်တယ်။ သူတို့ဟာ စုစုစည်းစည်းလုပ်ရတာကို သဘောကျတယ်။ လူတွေနဲ့တစ်သားတည်းကျနေတာကို ကြိုက်တယ်။ သူရှိတဲ့နေရာဟာ ချဉ်နေတဲ့နေရာဆိုရင် ချိုအောင်ပြောင်းလို့ရတယ်။ အေးစက်နေတဲ့နေရာကို နွေးထွေးအောင် လုပ်နိုင်တဲ့သူတွေဖြစ်ပါတယ်။ သူတို့ကြောင့်ပတ်ဝန်းကျင်ဟာပြောင်းလဲသွားနိုင်တယ်။ သူတို့ဟာ မွေးကတည်းက ခေါင်းဆောင်တွေဖြစ်ပါတယ်။ တခြားသူတွေကို အကူအညီတွေပေးတယ်၊ ကျေးဇူးပြုတယ်၊ စိတ်ခွန်အားတွေပေးတယ်၊ ချီးမြှောက်တဲ့အလုပ်တွေလုပ်တယ်။ ဘယ်အလုပ်တွေပြီးမြောက်ပြီးပြီလဲ၊ ဘာတွေလုပ်ရမလဲဆိုတာတွေကို အမြဲတမ်း Note မှတ်ထားလေ့ရှိတယ်။ တခြားသူတွေက အကူအညီလိုယာရင်လည်း ကူညီဖို့အဆင်သင့်ပါပဲ။

သူတို့ရဲ့စရိုက်လက္ခဏာတွေကတော့ သူငယ်ချင်းတွေအများကြီး ရှိမယ်၊ ရင်းရင်းနှီးနှီးပေါင်းသင်းဆက်ဆံရတာကိုကြိုက်ပါတယ်။ အဖွဲ့ထဲမှာဖယ်ကျဉ်ခံထားရတဲ့သူတွေကို သူကအားပေးတယ်။ အဲဒီလိုသူတစ်ပါးကိုလုပ်တာမကြိုက်သလို သူတို့ကိုလုပ်ရင်လည်းမကြိုက်ဘူး။ Group Activity လို့ခေါ်တဲ့အဖွဲ့လိုက်လုပ်ရတဲ့ လှုပ်ရှားမှုတွေမှာ ခေါင်းဆောင်ရတာကို အရမ်းသဘောကျတယ်။ သစ္စာရှိတယ်။ သူသစ္စာရှိတဲ့အတိုင်း တခြားသူတွေဆီက ပြန်ရမယ်လို့မျှော်လင့်တယ်။


အဲဒီလိုလူမျိုးတွေ လုပ်သင့်တဲ့လုပ်ငန်းတွေကတော့ စီးပွားရေးအကြံပေး (Business Consultant)၊ HR မန်နေဂျာ၊ ကျောင်းဆရာ၊ ဆရာမ၊ စာရေးဆရာတွေလုပ်လို့ရပါတယ်။

သူတို့နဲ့တူတဲ့နာမည်ကျော်တွေကတော့ Bono ၊ Martin Luther King Jr. ၊ Nelson Mandela ၊ Oprah Winfrey တို့ဖြစ်ပါတယ်။



**Bono**

အိုင်ယာလန်နိုင်ငံသား အဆိုတော်၊ သီချင်းရေးဆရာ၊ တက်ကြွလှုပ်ရှားသူ၊ စီးပွားရေးသမား၊ ပရဟိတသမား



**Martin Luther King Jr.**
အမေရိကန်နိုင်ငံသား တက်ကြွလှုပ်ရှားသူ



တောင်အာဖရိကနိုင်ငံသား နိုင်ငံရေးသမား၊ တက်လှုပ်ရှားသူ
ပရဟိတသမား၊ ရှေ့နေ



Oprah Winfrey

ရုပ်သံတင်ဆက်သူ၊ သရုပ်ဆောင်၊ TV ပရိုဂျူဆာ၊ စာရေးဆရာမ၊ ပရဟိတသမား

❒

# ENTJ = Executives Navigating Tough Jobs

ENTJ သမားတွေကို CEO လို့ခေါ်ပါတယ်။ သူတို့ဟာ အလုပ်တွေလုပ်တဲ့အခါမှာ အမြဲတမ်း စနစ်တကျနဲ့ပြီးမြောက်အောင်လုပ်လေ့ရှိပါတယ်။ တကယ့်ကိုကြီးကျယ်တဲ့ ခေါင်းဆောင်တွေဖြစ်တယ်။ ပန်းတိုင်ကိုပဲ အခြေပြုတဲ့သူတွေဖြစ်ပါတယ်။ သူတို့ဟာ စိတ်ကူးယဉ်သမားတွေမဟုတ်ဘဲ Reality အစစ်အမှန်သမားတွေဖြစ်ပါတယ်။ အမြော်အမြင်ကောင်းတယ်။ ရေရှည်လုပ်ရတဲ့အစီအစဉ်တွေကို အကောင်အထည်ဖော်ရာမှာ အမြင်ကောင်းတယ်။ Decision-making ပြတ်သားတဲ့ဆုံးဖြတ်ချက်တွေချတဲ့နေရာမှာ သူတို့ဘာသာသူတို့ပဲ ဆုံးဖြတ်ချက်ချတယ်။ ပြည့်စုံကြွယ်ဝမှုကို သဘောကျတယ်။ တကယ်လည်း ပြည့်စုံကြွယ်ဝကြတယ်။ သုံးသပ်နိုင်တဲ့စွမ်းအားရှိတယ်။ သူတို့ဘေးနားမှာရှိနေတဲ့အရာတွေကို ယုတ္တိဗေဒဖြစ်ဖြစ်တွေးကြတယ်။ စိတ်ဓာတ်ကြံ့ခိုင်တယ်၊ ယုံကြည်မှုအပြည့်အဝရှိတယ်။ သူတို့ရဲ့အကျင့်စရိုက်တွေကတော့ ခေါင်းဆောင်အဖြစ်နဲ့ပဲနေချင်တယ်။ သူတို့ဟာတခြားသူတွေတစ်ခုခုကို ထပ်ခါနောက်လိုက်မလုပ်ချင်ဘူး။ သူတို့ဟာတခြားသူတွေတစ်ခုခုကို ထပ်ခါထပ်ခါမှားနေတာကို သဘောမကျဘူး။ ဆုံးဖြတ်ချက်ပြတ်သားတယ်။

ခွန်နဲ့အားနဲ့အလုပ်လုပ်လေ့ရှိတယ်။ လူတွေနဲ့ပေါင်းသင်း ပြောဆိုဆက်ဆံနေရတာကိုကြိုက်တယ်။ သူဖြစ်စေချင်တာတွေကို တခြားသူတွေကို ဇွတ်အတင်းလုပ်ခိုင်းတဲ့ပုံတော့ပေါက်တယ်။

သူတို့နဲ့ကိုက်ညီတဲ့အလုပ်တွေကတော့ စီမံအုပ်ချုပ်သူ၊ အမှုဆောင်အရာရှိ (CEO) ၊ စွန့်ဦးတီထွင်သူ (Entrepreneur)၊ ရှေ့နေ၊ တရားသူကြီး၊ မန်နေဂျာတို့ဖြစ်ပါတယ်။

ကမ္ဘာကျော်ပုဂ္ဂိုလ်တွေကတော့ Madeleine Albright ၊ Napoleon Bonaparte ၊ Julius Caesar ၊ Bill Gates တို့ဖြစ်ပါတယ်။




Madeleine Albright


အမေရိကန်နိုင်ငံသား နိုင်ငံရေးသိပ္ပံပညာရှင်၊ အမေရိကန်သံတမန်၊ အမေရိကန်နိုင်ငံရဲ့ ၆၄ ယောက်မြောက် အတွင်းရေးမှူးချုပ်



Napoleon Bonaparte
ပြင်သစ်ဧကရာဇ် (၁၉ရာစု)




အီတလီနိုင်ငံသား နိုင်ငံရေးသမား၊ စစ်သား (၁၀၀ ဘီစီ)



Bill Gates

အမေရိကန်နိုင်ငံသား စီးပွားရေးသမား၊ ပရဟိတသမား၊ စာရေးဆရာ၊ ရင်းနှီးမြှုပ်နှံသူ၊ ပရိုဂရမ်မာ ၊ Microsoft ကုမ္ပဏီကိုတည်ထောင်သူ

❐

# ESFJ = Especially Satisfied Fulfilling Jobs


ESFJ သမားတွေက ဂရုစိုက်မှုကိုပေးတဲ့သူ (Caregiver) တွေဖြစ်ပါတယ်။ တခြားသူတွေကို ဂရုစိုက်မှုပေးတဲ့သူတွေဖြစ်တယ်။ တခြားသူတွေရဲ့ အတွေးတွေနဲ့ စဉ်းစားတာတွေကို အများကြီးဂရုစိုက်ပေးတတ်ပါတယ်။ သူတို့ကပြင်ပလောကက လူတွေကိုအာရုံစိုက်တယ်။ အကဲဖြတ်တဲ့အခါမှာ သူတို့ရဲ့ယုံကြည်မှု၊ စံနှုန်းတွေနဲ့ပဲ အကဲဖြတ်တယ်။ သူတို့ဟာ ခိုင်မာသူ၊ ယုံကြည်ရသူတွေဖြစ်တယ်။ သူတို့ကိုယ်တိုင်လုပ်ရင်းနဲ့ တွေ့လာတဲ့အတွေ့ အကြုံတွေ၊ သတင်းအချက်အလက်တွေကို စုဆောင်းတယ်။ တခြားသူတွေ ရဲ့ကောင်းကျိုးကို စိတ်ဝင်စားတယ်။ အမြဲတမ်းကြိုးစားနေတယ်။ လူတွေဆီကနေ အကောင်းဆုံးတွေကို ဆွဲထုတ်နိုင်တဲ့သူတွေ ဖြစ်တယ်။ တခြားသူတွေဆီမှာရှိတဲ့ အရည်အသွေးတွေကိုလည်း ဆွဲထုတ် နိုင်တယ်။ တခြားသူတွေရဲ့အမြင်နဲ့ကြည့်တတ်တယ်။ မျက်စိလျင်တဲ့သူ၊ အာရုံငါးပါးကိုအသုံးချပြီး ပတ်ဝန်းကျင်ကို လေ့လာတဲ့သူတွေဖြစ်တယ်။ တခြားသူစိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ယုံကြည်မှုချင်း မတူရင်တောင် သိပ်ပြီးအတိုက်အခံ ပြောလေ့မရှိကြဘူး။ သူတို့စိတ်ဝင်စားတဲ့ အလုပ်တွေ

ကိုပဲလုပ်တယ်။ တခြားသူတွေရဲ့ကောင်းကျိုးကို ရှေးရှုတဲ့သူတွေဖြစ်တယ်။ တခြားသူတွေကို နားလည်ပေးနိုင်တယ်။ လူတွေကိုချစ်တတ်တဲ့သူတွေ ဖြစ်တယ်။ သူတို့လုပ်ရမယ့် အလုပ်တွေကို ကောင်းကောင်းလုပ်တယ်။ တခြားသူတွေပျော်ရင်လိုက်ပျော်တယ်။ သူတို့ကြောင့် တခြားသူတွေတိုးတက်ရင် စိတ်ချမ်းသာတယ်။

သူတို့ရဲ့ အကျင့်စရိုက်လက္ခဏာတွေကတော့ လူတွေကသူတို့ကို ချစ်သလို သူတို့ကလည်း လူတွေကိုချစ်တယ်။ အရာရာတိုင်းမှာ တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်ရှိသူတွေဖြစ်တယ်။ တခြားသူတွေပျော်ရွှင်နေတာကို ကျေနပ်နေသူတွေဖြစ်တယ်။ Community အသိုင်းအဝိုင်းတစ်ခုကို တည်ဆောက်ထားပြီဆိုရင် ဘာတွေလုပ်ရမယ်၊ ဘာတွေမလုပ်ရဘူးဆိုတဲ့ သတ်မှတ်ချက်တွေထားပေးတယ်။ စိတ်ရင်းကောင်းတဲ့သူတွေကို လက်ခံတယ်။

လုပ်နိုင်တဲ့အလုပ်တွေကတော့ သူနာပြု၊ ရုံးစီမံအုပ်ချုပ်သူ၊ အများအကျိုးပြုလုပ်ငန်းတွေလုပ်တဲ့သူ၊ ကျောင်းဆရာ၊ ဆရာမတို့ဖြစ်ပါတယ်။

ကျော်ကြားသူတွေမှာဆိုရင် Pope Francis ၊ Whitney Houston ၊ Elton John ၊ Barbara Walters တို့ဖြစ်ပါတယ်။




Pope Francis

ပုပ်ရဟန်းမင်းကြီး၊ ကက်သလစ်ဘုန်းတော်ကြီး (ဗာတီကန်စီးတီး)



Whitney Houston

အမေရိကန် အဆိုတော်နဲ့ သရုပ်ဆောင်



Elton John

ဗြိတိန်အဆိုတော်၊ Piano ပညာရှင်၊ သီချင်းရေးဆရာ



Barbara Walters

အမေရိကန်ဂျာနယ်လစ်၊ ရုပ်သံတင်ဆက်သူ

❒

# ESFP = Entertaining, Sparkling, Friendly Person

ESFP သမားတွေကို Performer လို့ခေါ်တယ်။ လူတွေကို တင်ဆက်နိုင်တဲ့သူတွေဖြစ်တယ်။ စင်ပေါ်ကိုရောက်တာနဲ့ လူတွေအာရုံစိုက်အောင်လုပ်နိုင်တယ်။ အနာဂတ်နဲ့စာရင် အခုလက်ရှိကိုပိုအာရုံစိုက်တယ်။ အခုသင်တန်းပေးနေတယ်ဆိုရင် သင်တန်းပေးတဲ့နေရာမှာပဲနေတတ်တယ်။ အမြဲတမ်းအခိုက်အတန့်တွေမှာနေတယ်။ နုနုရွရွလှလှပပလေးနေရတာကြိုက်တယ်။ တခြားသူတွေနဲ့မတူအောင်နေတယ်။ ဘဝကိုအပြည့်အဝခံစားတယ်။ သူတို့က လူတွေကို ချစ်တတ်တယ်။

ပစ္စည်းတွေ၊ ဇိမ်ကျတာတွေကိုလည်း သဘောကျတယ်။ လူတွေရဲ့လိုအပ်ချက်တွေနဲ့ ကိုက်ညီအောင်အမြဲကြိုးစားနေတယ်။ သူတို့ကိုအနှောင့်အယှက်ပေးတာမကြိုက်ဘူး။ အမြဲတမ်းအားလုံးကို စောင့်ကြည့်နေတယ်။ လက်တွေ့ကျတယ်။ အစစ်အမှန်ကိုပဲကြိုက်တယ်။ တိကျတယ်။ ဆုံးဖြတ်ချက်ချတဲ့အခါ သူတို့ရဲ့ကိုယ်ပိုင် စံချိန်စံနှုန်းတွေနဲ့ပဲ ဆုံးဖြတ်ချက်တွေချတယ်။ တခြားသူတွေအပေါ်မှာ ကိုယ်ချင်းစာတဲ့ စိတ်အပြည့်အဝရှိတယ်။ သူတို့ရဲ့ပတ်ဝန်းကျင်မှာဖြစ်နေတာတွေကို အာရုံစိုက်မှုရှိတယ်။


ရင်းရင်းနှီးနှီးဖော်ဖော်ရွေရွေနေတတ်တယ်။ သူတို့ရဲ့ပုံစံကိုကြည့်တာနဲ့တင် သူတို့လူတွေကိုချစ်တယ်ဆိုတာသိနိုင်တယ်။ အတွေ့အကြုံသစ်တွေကို သဘောကျတယ်။ ဇွဲရှိတယ်၊ လိုချင်တာကိုရအောင်ယူတယ်၊ စိတ်မြန်တယ်၊ ပျော်ပျော်နေတတ်တယ်၊ နွေးထွေးတယ်၊ သူ့ဘဝကို သူအရမ်းချစ်တယ်၊ ရက်ရောတယ်၊ ဆွဲဆောင်မှုအပြည့်ရှိတယ်။

သူတို့လုပ်နိုင်တာတွေကတော့ မင်းသား၊ မင်းသမီး၊ နည်းပြ (Coach)၊ ဧည့်ကြို (Receptionist)၊ ပန်းချီဆရာ (Painter)၊ Personal Trainer၊ အရောင်းစာရေး (Salesperson) တို့ လုပ်လို့ရမယ်။

အောင်မြင်တဲ့သူတွေမှာဆိုရင် Bill Clinton၊ John F. Kennedy၊ Tony Robbins၊ Steven Spielberg တို့ဖြစ်ပါတယ်။



Bill Clinton
၄၂ ယောက်မြောက် အမေရိကန်သမ္မတ




John F. Kennedy

၃၅ ယောက်မြောက် အမေရိကန်သမ္မတ



Tony Robbins

အမေရိကန်စာရေးဆရာ၊ ဟောပြောသူ၊ Coach ၊ Motivational Speaker ၊
ပရဟိတသမား




Steven Spielberg
အမေရိကန်ရုပ်ရှင်ဒါရိုက်တာ

❒

## ESTJ = Elevated Stress Tightens Jaw


ESTJ တွေကို စီမံခန့်ခွဲသူ (The Supervisor) တွေလို့ခေါ်ပါတယ်။ သူတို့ဟာ လက်တွေ့ကျတယ်။ အစစ်အမှန်သမားတွေဖြစ်တယ်။ အချက်အလက်တွေအပေါ်မှာ အခြေခံတယ်။ စီးပွားရေးနဲ့ ပတ်သက်ပြီးတော့ပဲဖြစ်ဖြစ်၊ စက်ပစ္စည်းတွေနဲ့ပတ်သက်ပြီးတော့ပဲဖြစ်ဖြစ် ဦးဆောင်နိုင်သူတွေဖြစ်တယ်။ စီးပွားရေးလုပ်တဲ့အခါ လက်တွေ့ကျတယ်။ အချက်အလက်တွေအပေါ်မှာ အခြေခံတယ်။ စစ်စစ်မှန်မှန်နေကြတယ်။ ဘာပဲပြောပြော စစ်မှန်မှုကြိုက်တယ်။ သူတို့ရဲ့အနေအထိုင်၊ သဘောထားတွေက အချက်အလက်ပေါ်မှာပဲအခြေခံတယ်။ သူတို့ကခေါင်းဆောင်တွေဖြစ်တယ်။ လိမ်ညာတာတွေ သူတို့မကြိုက်ဘူး။ ပျင်းတာလည်းမကြိုက်ဘူး။ အမြဲတမ်းတက်ကြွပြီး ပြတ်သားသူတွေဖြစ်တယ်။ ယုတ္တိကျတယ်။ လုပ်သင့်တယ်၊ မလုပ်သင့်ဘူးဆိုတာကိုအလေးထားတယ်။ လုပ်သင့်တာကိုပဲလုပ်တယ်။ လုပ်ချင်တာကိုမလုပ်ဘူး။ ဆရာကြီးလုပ်လိုက်တာလို့ အပြောခံရတာကိုကြိုက်တယ်။ စည်းနဲ့ကမ်းနဲ့ပဲနေတယ်။

သူတို့ရဲ့အကျင့်စရိုက်တွေကတော့ အမြဲတမ်းခေါင်းဆောင်နေရာမှာပဲနေလေ့ရှိတယ်။ အချက်အလက်တွေအပေါ်မှာ အခြေခံပြီး

တော့နေတယ်။ တိကျတဲ့လိုအပ်ချက်တွေ အပေါ်မှာပဲ သူတို့ရပ်တည်တယ်။ စံပြနိုင်ငံကြီးသားတွေဖြစ်တယ်။ အသေးစိတ်လုပ်ကိုင်ကြသူတွေဖြစ်တယ်။


ESTJ သမားတွေဟာ စီမံအုပ်ချုပ်သူ၊ ငွေကြေးပိုင်းဆိုင်ရာ အကြီးအကဲ (Financial Officer)၊ ရုံးမန်နေဂျာ၊ စစ်အရာရှိကြီးတွေဖြစ်လာနိုင်ပါတယ်။

သူတို့နဲ့တူတဲ့သူတွေကတော့ Hillary Clinton ၊ Henry Ford၊ Billy Graham ၊ Martha Stewart ဖြစ်ပါတယ်။




Hillary Clinton

အမေရိကန်နိုင်ငံရေးသမား၊ သံတမန်၊ ၆၇ ယောက်မြောက်အတွင်းရေးမှူးချုပ်



Henry Ford

အမေရိကန်နိုင်ငံသား ကားထုတ်လုပ်သူ၊ စီးပွားရေးသမား၊ Ford ကားကုမ္ပဏီတည်ထောင်သူ



Billy Graham

အမေရိကန် Baptist ဘုန်းတော်ကြီး



Martha Stewart

အမေရိကန်စီးပွားရေးလုပ်ငန်းရှင်၊ စာရေးဆရာမ၊ ရုပ်သံတင်ဆက်သူ

❐

## ESTP = Extraordinarily Smooth Talking Persuader

ESTP သမားတွေက လုပ်ဆောင်တဲ့သူ (The Doer) တွေဖြစ်ပါတယ်။ စကားပြောတာလည်းကောင်းတယ်၊ ဆွဲဆောင်နိုင်တယ်။ တကယ်လုပ်နိုင်သူတွေဖြစ်ပါတယ်။ သူတို့ဟာ အမြဲတမ်းလှေ့လာနေသူတွေဖြစ်တယ်။ လက်ရှိအခိုက်အတန့်တွေမှာနေတယ်။ ဘဝထဲကနေ အကောင်းဆုံးတွေရှာတယ်။ တခြားသူတွေကိုလည်း မျှဝေဖို့အဆင်သင့်ဖြစ်နေတယ်။ သူတို့တွေဟာ အပြင်စွဲ (Extrovert) တွေဖြစ်တယ်။ တခြားသူတွေနဲ့ သူ့ရဲ့ဘဝထဲက အကောင်းဆုံးတွေထွက်လာဖို့ဆိုရင် လူတွေအများကြီးနဲ့တွေ့ပေးရတယ်။ သူတို့က လူဝင်ဆံ့တယ်၊ Social ကျတဲ့သူတွေဖြစ်တယ်။ လူတွေနဲ့ပတ်သက်ရင် အမြဲတမ်း Attention ရှိနေတယ်။ ဥပမာ-ဘယ်သူတွေနဲ့တွေ့လို့ရမလဲ၊ ဘာစကားတွေပြောလို့ရမလဲဆိုတာ သူတို့ဆီမှာ အမြဲတမ်းအဆင်သင့်ဖြစ်နေတယ်။ သူတို့တွေက ခေါင်းဆောင်တွေဖြစ်တယ်။ သူတို့ရဲ့ အားနည်းချက်၊ အားသာချက်တွေကို ကိုယ်တိုင်လည်းသိတယ်။ သူတို့ အဖွဲ့ဝင်တွေရဲ့ အားနည်းချက်၊ အားသာချက်တွေကိုလည်းသိကြတယ်။


သူတို့ရဲ့ Character အကျင့်စရိုက်တွေကတော့ အမြဲတမ်းတက်ကြွနေတယ်။ စကားကိုတည့်တိုးပြောတတ်တယ်။ တကယ်လုပ်နေရတာကို ကြိုက်တယ်။ စိတ်ကူးယဉ်နေရတာကို မကြိုက်ဘူး။ သီအိုရီတွေနဲ့ ချပြရတာကိုစိတ်မရှည်ဘူး။ တကယ်လက်တွေ့ကိုပဲစိတ်ရှည်တယ်။ လက်တွေ့လုပ်ရတာကိုပဲကြိုက်တယ်။ ဆုံးဖြတ်ချက်မြန်မြန်ချရတာကိုကြိုက်တယ်။

သူတို့လိုလူမျိုးတွေက ဆောက်လုပ်ရေးလုပ်ငန်း၊ စွန့်ဦးတီထွင်စီးပွားရေး၊ မီးသတ်သမား၊ ဆရာဝန်မဟုတ်ဘဲနဲ့ အပြင်မှာ ဆေးဝါးနဲ့ ပတ်သက်ပြီးကုသပေးသူ (Paramedic)၊ အရောင်းသမားတွေလုပ်လို့ရမယ်။

သူတို့နဲ့ Type တူသူတွေကတော့ Alexander The Great ? Winston Churchill၊ Madonna၊ Donald Trump၊ Franklin Roosevelt တို့ဖြစ်ပါတယ်။



Alexander The Great
ဂရိဧကရာဇ် (ဘီစီ- ၃၃၆)



Winston Churchill
ဗြိတိန်ဝန်ကြီးချုပ်ဟောင်း



Madonna
အမေရိကန်အဆိုတော်၊ တေးရေး၊ သရုပ်ဆောင်



Donald Trump

၄၅ ယောက်မြောက် အမေရိကန်သမ္မတ



Franklin Roosevelt

၃၂ ယောက်မြောက်အမေရိကန်သမ္မတ

## INFJ = Inner Nuances Foster Journies

INFJ သမားတွေဟာ နှစ်သိမ့်ဆွေးနွေးပေးတဲ့သူ (The Counselor) တွေဖြစ်တယ်။ သူတို့ဟာ တန်ဖိုးရှိတဲ့အရာတွေကိုပဲ လုပ်တဲ့သူတွေဖြစ်တယ်။ တန်ဖိုးမရှိတဲ့ အလုပ်တွေကို သူတို့မလုပ်ချင်ဘူး။ Relationship တစ်ခုတည်ဆောက်တဲ့အခါ၊ Idea တွေအကြောင်းပြောကြတဲ့အခါ၊ ဖြစ်ရပ်တွေအကြောင်းပြောကြတဲ့အခါ အဲဒီအထဲကအဓိပ္ပာယ်တွေ ရှာဖွေဖော်ထုတ်တယ်။ ဘာသာတရားဆိုတာဘာလဲ၊ လူတွေဘယ်လိုဖြစ်လာတာလဲ စတဲ့မေးခွန်းတွေအမြဲတမ်းမေးနေတတ်တယ်။ တစ်ခုခုဖြစ်ပြီဆိုတာနဲ့ အဲဒီထဲကနေ ပိုနားလည်အောင်လုပ်ကြတယ်။


အေးအေးဆေးဆေးငြိမ်ငြိမ်လေးနေတယ်။ သူတို့ဟာ ကိုယ့်ပုံစံအတိုင်းပဲကိုယ်နေတယ်။ ပေါင်းနေကျလူတွေနဲ့ပဲပေါင်းချင်တယ်။ ဒါပေမဲ့ တခြားသူတွေကို နောက်ကွယ်ကနေ လွှမ်းမိုးချင်တယ်။ လူသိရှင်ကြား အော်ကာဟစ်ကာ လွှမ်းမိုးနေတာမဟုတ်ဘဲနဲ့ တစ်ယောက်ယောက်ကို ငြိမ်ငြိမ်လေးနဲ့လွှမ်းမိုးချင်တာ။ သူတို့က ပြည့်ဝတဲ့သူတွေဖြစ်တယ်။ သူ့ရဲ့ ဘေးနားမှာရှိတဲ့သူတွေနဲ့အတူ မျှဝေဖို့ကိုလည်း စိတ်ဝင်စားတယ်။ လူတွေနဲ့ပေါင်းသင်းဆက်ဆံရေးမှာတော့ အမြဲတမ်းစိတ္တဇရှိတယ်။

ဆက်ဆံရတာ သူတို့အတွက် နည်းနည်းစိတ္တဇဖြစ်နေတယ်။ သူတို့က အမြဲတမ်း လူတွေရဲ့ နောက်ကွယ်ကနေပဲနေချင်တာ။ INFJ သမားတွေက လူရှေ့မထွက်ချင်ဘူး။ နူးညံ့တယ်။ သူတို့ကို နားလည်ရခက်တယ်။


သူတို့ရဲ့ စရိုက်လက္ခဏာတွေက နူးညံ့တယ်၊ ဂရုစိုက်တတ်တယ်၊ ရှုပ်ထွေးတယ်။ လူတွေအကြောင်း၊ အခြေအနေတွေအကြောင်း စိတ်ထဲမှာ နက်နက်နဲနဲခံစားလေ့ရှိတယ်။ ရှုပ်ထွေးတဲ့လူတွေဖြစ်ပေမဲ့ နွေးထွေးတဲ့သူတွေဖြစ်ပါတယ်။ သဘာဝတရားကို ချစ်တဲ့သူတွေဖြစ်တယ်။ စိတ်ရှည်တဲ့သူတွေဖြစ်တယ်။

INFJ သမားတွေလုပ်လို့ရတာက အနုပညာရှင်၊ ဘုန်းကြီး၊ သီလရှင် (Clergy)၊ နှစ်သိမ့်ဆွေးနွေးသူ (Counsellor)၊ ဓာတ်ပုံဆရာ (Photographer)၊ ကျောင်းဆရာ၊ ဆရာမ (Teacher)၊ စာရေးဆရာ (Writer) တွေဖြစ်ပါတယ်။

INFJ သမားတွေထဲ အောင်မြင်ကျော်ကြားသူတွေကတော့ Leonard Cohen ၊ Noam Chomsky ၊ Mahatma Gandhi ၊ Thomas Jefferson ၊ Ludwig Wittgenstein တို့ဖြစ်ပါတယ်။




Leonard Cohen
ကနေဒါနိုင်ငံသား အဆိုတော်၊ တေးရေးဆရာ၊ ကဗျာဆရာ၊ နိုဘယ်လ် ငြိမ်းချမ်းရေးဆုရှင်




Thomas Jefferson

တတိယမြောက် အမေရိကန်သမ္မတ (၁၈၀၁-၁၈၀၉)၊
ဒုတိယမြောက် ဒု-သမ္မတ (၁၇၉၇-၁၈၀၁)၊ ပထမဦးဆုံးအမေရိကန်
နိုင်ငံခြားရေးဝန်ကြီး (၁၇၉၀-၁၇၉၃)




Mahatma Gandhi

အိန္ဒိယနိုင်ငံသား ရှေ့နေ၊ နိုင်ငံရေးသမား၊ ကိုလိုနီစနစ်ကို ဆန့်ကျင်သူ၊
အကြမ်းမဖက်ဝါဒကိုကျင့်သုံးသူ



Noam Chomsky

အမေရိကန်ဒဿနိကပညာရှင်၊ သမိုင်းပညာရှင်၊ နိုင်ငံရေးလှုပ်ရှားသူ၊ လူမှုရေးရာဝေဖန်ရေးသမား၊ ဘာသာဗေဒလေ့လာသူ၊ သိပ္ပံနည်းကျ စိတ်ပိုင်းဆိုင်ရာလေ့လာသူ



Ludwig Wittgenstein

ဩစတြီးယားနိုင်ငံသား အတွေးအခေါ်ပညာရှင်

❒

# ENFP= Eagerly Noting Fun Playgrounds


ENFP သမားတွေကို ရှာဖွေနေတဲ့သူ (The Discover) တွေလို့ခေါ်ပါတယ်။ ENFP သမားတွေဟာ အပြောင်းအလဲတွေကို စတင်သူတွေဖြစ်ပါတယ်။ ပြီးတော့ ဖြစ်နိုင်ခြေတွေကို သူ့ရဲ့အမြင်နဲ့ကြည့်နိုင်ပါတယ်။ သူတို့ဟာ အမြဲတမ်းတက်ကြွနေတယ်။ တခြားသူတွေကိုလည်း စိတ်ဓာတ်တက်ကြွလာအောင်ဖြန့်ပေးနိုင်တယ်။ Project တွေကို စတင်လုပ်ဆောင်ရတာကြိုက်တယ်။ Relationship တစ်ခုရဲ့အစပိုင်းမှာအရမ်းတော်တယ်။ ဘယ်သူနဲ့ဘယ်လို ဆက်ဆံရေးတည်ဆောက်ရမလဲဆိုတာကို သိနားလည်တယ်။ တခြားသူတွေက အကူအညီတွေ၊ ချီးမြှောက်မှုတွေ လိုအပ်နေတယ်ဆိုရင်လည်း ပေးဖို့အဆင်သင့်ဖြစ်နေသူတွေပါ။ အသစ်အသစ်တွေကို ရှာဖွေရတာသိပ်ကိုကြိုက်ပါတယ်၊ Project တွေဆိုရင် အစပိုင်းမှာအရမ်းကောင်းတယ် တစ်ခါတလေမှာတော့အဖျားရှူးသွားတတ်တယ်။ သူတို့ပုံစံက တခြားသူတွေနဲ့ကွဲထွက်နေတတ်ပါတယ်။ ဘဝမှာပျော်ပျော်နေမယ်၊ အကောင်းဆုံးအနှစ်သာရရှိရှိနေထိုင်တယ်။

သူတို့ရဲ့ စရိုက်လက္ခဏာတွေကတော့ တခြားသူတွေရဲ့ လိုအပ်


ချက်တွေကိုဖော်ထုတ်နိုင်တယ်၊ ကျွမ်းကျင်မှုအရမ်းများတယ်၊ ပါရမီအရမ်းကောင်းတယ်၊ နွေးထွေးတယ်၊ လူတွေအကြောင်း စိတ်ဝင်စားတယ်။ ဒါပေမဲ့ သူတို့ဟာ တစ်ဦးတည်းလွတ်လွတ်လပ်လပ်နေချင်ကြတယ်။ ဘယ်သူ့အပေါ်မှမမှီခိုချင်ကြဘူး။ Idea တွေအကြောင်း၊ အရာဝတ္ထုတွေအကြောင်း အရမ်းစိတ်ဝင်စားတယ်။

သူတို့လုပ်နိုင်တဲ့လုပ်ငန်းတွေကတော့ သရုပ်ဆောင်၊ Counselor လို့ခေါ်တဲ့နှစ်သိမ့်ဆွေးနွေးသူ၊ စာနယ်ဇင်းသမား၊ နိုင်ငံရေးသမား၊ ကျောင်းဆရာ၊ ဆရာမ၊ စာရေးဆရာတို့ဖြစ်ပါတယ်။

ဒီ Type ရဲ့ကမ္ဘာကျော်သူတွေကတော့ Ellen DeGeneres၊ Walt Disney ၊ Salman Rushdie ၊ Jerry Seinfeld တို့ဖြစ်ပါတယ်။





Ellen DeGeneres
အမေရိကန်ဟာသပညာရှင်၊ ရုပ်သံတင်ဆက်သူ၊ သရုပ်ဆောင်၊ Writer၊ ထုတ်လုပ်သူ




Walt Disney

အမေရိကန် Animator ထုတ်လုပ်သူ၊ စီးပွားရေးလုပ်ငန်းရှင်၊ Micky Mouse ဖန်တီးသူ



Salman Rushdie

အိန္ဒိယနွယ်ဖွား ဗြိတိန်-အမေရိကန် ဝြိမ်းချမ်းရေးဆုရှင်



Jerry Seinfeld

အမေရိကန်နိုင်ငံသား ဟာသပညာရှင်၊ စာရေးဆရာ၊ သရုပ်ဆောင်၊ ထုတ်လုပ်သူ

❒

## ENTP = Every New Thought Propels

ENTP သမားတွေကို တီထွင်သူ (The Inventor) တွေလို့ခေါ်ပါတယ်။ သူတို့က လူတွေအချင်းချင်း၊ ပစ္စည်းအချင်းချင်း၊ Idea အချင်းချင်းဆက်နွှယ်နေကြပါစေ ချက်ချင်းမြင်ကြတယ်။ "ဒါတွေက ဒီလိုဒီလိုဖြစ်နေတာပဲ။ သူနဲ့ သူက ဒီလိုချိတ်ဆက်နေတာပဲ" ဆိုတဲ့ ဆက်နွှယ်နေမှုတွေကို သူက ချက်ချင်းမြင်တယ်။ နောက်ပြီးတော့ လူတွေ၊ ပစ္စည်းတွေ ဆက်နွှယ်နေတာကိုအသေးစိတ်နားလည်နိုင်တယ်။ သူတို့ကိုလူတွေက တော်တဲ့သူလို့ခေါ်ကြတယ်။ သူတို့ဟာဦးနှောက်၊ စိတ်ရော၊ လူရော မြန်ကြတယ်။ စိတ်မြန်ကိုယ်မြန်သမားတွေဖြစ်တယ်။ သူတို့ကယုံကြည်ရတယ်။ အမြဲတမ်းတီထွင်စမ်းသစ်နေတယ်။ ပြောင်းလွယ်ပြင်လွယ် (Flexible) ဖြစ်သူတွေဖြစ်တယ်။ သစ္စာရှိတဲ့သူတွေဖြစ်တယ်။

အရင်းအမြစ်တွေ ပြည့်စုံနေတဲ့သူတွေဖြစ်တယ်။ သူတို့နေထိုင်ရာမှာရှိတဲ့သူတွေကို တိုးတက် အောင်လုပ်ပေးရတာ အရမ်းသဘောကျတယ်။ လူတွေရဲ့စိတ်ဆန္ဒကို နားလည်အောင် လုပ်ရတာလည်း သဘောကျတယ်။ လောလောဆယ်ဖြစ်နေတဲ့အနေအထားတွေကိုလည်း ခန့်မှန်းနိုင်တယ်။ အမြဲတမ်းပျော်တတ်တယ်။ တစ်ခါတလေ စိတ်ရိုင်းဝင်တတ်တဲ့အကျင့်ရှိ


တယ်။ သူမြင်သမျှ အရာတွေအကြောင်းကို နားလည်ချင်တယ်။ သူတို့ရဲ့ အပြုအမူတွေက ဘယ်နေရာကိုပဲရောက်ရောက်ဖြစ်နိုင်ခြေတွေကို မြင်တတ်တယ်။ ဖြစ်နေတဲ့ အနေအထားတွေကို ချက်ချင်းသိနိုင်တယ်။ Idea တွေအကြောင်းကို ငြင်းခုံရတာ ကြိုက်တယ်။ သူတို့ရဲ့စိတ်အား တက်ကြွမှုတွေ၊ စိတ်ဝင်စားမှုတွေကို လူတွေအပေါ်ဖြန့်ဝေရတာသဘော ကျတယ်။

သူတို့လုပ်သင့်တဲ့အလုပ်တွေကတော့ အင်ဂျင်နီယာ၊ စွန့်ဦး တီထွင်စီးပွားရေးသမား၊ တီထွင်သူ၊ ရှေ့နေ၊ သိပ္ပံပညာရှင်တို့ လုပ်လို့ရပါ တယ်။


သူတို့နဲ့ကိုက်ညီတဲ့ကမ္ဘာကျော်တွေကတော့ Stephen Colbert၊ Leonardo da Vinci ၊ Ben Franklin ၊ Barack Obama တို့ဖြစ်ပါတယ်။ ကိုယ်က ENTP သမားဆိုရင် သူတို့ရဲ့အကြောင်းကိုလေ့လာပါ။ သူတို့ အတိုင်းလိုက်လုပ်ရင် အောင်မြင်လိမ့်မယ်။




Stephen Colbert
အမေရိကန်ဟာသပညာရှင်၊ စာရေးဆရာ၊ ထုတ်လုပ်သူ၊ ရုပ်သံတင်ဆက်သူ၊ သရုပ်ဆောင်



Leonardo da Vinci
အီတလီဂန္ဓဝင်ပန်းချီပညာရှင်၊ မိုနာလီဇာ ပန်းချီကားကို ပုံဖော်ခဲ့သူ




Ben Franklin
ရှေ့နေ၊ သိပ္ပံပညာရှင်၊ နိုင်ငံရေးသမား၊ စာရေးဆရာ၊ သံတမန်၊
အမေရိကန်ပြည်ထောင်စုကို တည်ထောင်ခဲ့သူတွေထဲမှတစ်ဦး



Barack Obama

၄၄ ယောက်မြောက် အမေရိကန်သမ္မတ

❐

## INFP = Ideals Need Faithful Pursuit


INFP သမားတွေက အတွေးအခေါ်သမား (The Idealist) တွေဖြစ်တယ်။ သူတို့ရဲ့အကြောင်းကိုသိဖို့ခက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကနူးညံ့တယ်။ အေးအေးဆေးဆေးနေတတ်တယ်။ လူတွေနဲ့စကားပြောရတာကြိုက်ပေမဲ့ သူတို့နဲ့ရင်းနှီးတဲ့သူတွေနဲ့ပဲ စကားပြောချင်တယ်။ အတွင်းစည်းဝိုင်းထဲမှာရှိတဲ့သူတွေနဲ့ပဲ သူတို့နေချင်တယ်။ တခြားသူတွေရဲ့ စိတ်ခံစားမှုနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို အမြဲတမ်းကာကွယ်စောင့်ရှောက်တတ်တဲ့ အကျင့်ရှိတယ်။ စိတ်ညစ်နေသူ၊ စိတ်ဓာတ်ကျနေသူတွေကို အမြဲတမ်းနှစ်သိမ့်ဆွေးနွေး ပေးလေ့ရှိတယ်။ သူတို့က "မလုပ်ပါနဲ့" လို့ပြောထားတဲ့အရာတွေကိုမထိမချင်း သူတို့က အေးအေးဆေးဆေးပဲ။ သတ်မှတ်ထားတဲ့အရာတွေကို သွားထိရင်တော့မရတော့ဘူး။ ဆက်ပြီး စကားမပြောတော့ဘူး။ နောက်ပြီး သူတို့ကသပ်သပ်ရပ်ရပ်တော့ မနေတတ်ပေမဲ့ သူတို့တန်ဖိုးထားတတ်တဲ့အရာတွေကိုတော့ တန်ဖိုးထားတတ်တယ်။

သူတို့ရဲ့ စရိုက်လက္ခဏာတွေကတော့ သူတို့ရဲ့ဘဝအဓိပ္ပာယ်ကို ရှာဖွေတွေ့ရှိနိုင်ဖို့က အဓိကရည်မှန်းချက်ပဲ။ သူတို့ဟာနားထောင်ကောင်းသူ


တွေဖြစ်တယ်။ သူတို့နဲ့တွေ့ရင် သူတို့ဟာ တခြားသူတွေကို အေးအေးချမ်းချမ်းနေနိုင်အောင်ထားလေ့ရှိတယ်။ အဆင့်အတန်းမြင့်သူတွေဖြစ်တယ်။ ဒါပေမဲ့ သူတို့ကပြည့်စုံမှုစမယ်ဆိုတဲ့ လူတန်းစားတွေဖြစ်ပါတယ်။ မကောင်းတာကတော့ အချိန်ဆွဲတတ်တာဖြစ်တယ်။ သူတို့က အကြောင်းနဲ့အကျိုးဆိုရင် အကြောင်းဘက်မှာပဲအမြဲတမ်းနေပါတယ်။ ဘယ်အလုပ်ပဲလုပ်လုပ်အကောင်းဆုံးလုပ်ချင်တဲ့အတွက် အလုပ်တွေမတွင်ကျယ်တာ၊ မပြီးတာမျိုးဖြစ်တတ်တယ်။ ယုံကြည်ထားတဲ့အရာတွေအတွက် ပေးဆပ်နိုင်တဲ့သူတွေဖြစ်တယ်။

သူတို့တွေဘာလုပ်လို့ရလဲဆိုတော့ အနုပညာရှင်၊ နှစ်သိမ့်ဆွေးနွေးသူ၊ အယ်ဒီတာ၊ တေးဂီတပညာရှင်၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ၊ ကျောင်းဆရာ၊ ဆရာမ၊ စာရေးဆရာတွေလုပ်နိုင်ပါတယ်။

ကမ္ဘာကျော်ပုဂ္ဂိုလ်တွေကတော့ A. A. Milne ၊ Kurt Cobain၊ John Lennon ၊ William Shakespeare ၊ Vincent van Gogh တို့ဖြစ်ပါတယ်။



A.A. Milne
အင်္ဂလိပ်လူမျိုးစာရေးဆရာ




Kurt Cobain

အမေရိကန်ဂီတပညာရှင်၊ ဂီတာတီးခတ်သူ၊ သီချင်းရေးဆရာ၊ အဆိုတော်



William Shakespeare

အင်္ဂလိပ်လူမျိုး ဂန္ထဝင်ကဗျာဆရာ၊ ပြဇာတ်ရေးဆရာ



Vincent van Gogh

ဒတ်ချ်လူမျိုး ဂန္ထဝင်ပန်းချီဆရာ

❒

# INTJ = It's Not Thoroughly Justified

INTJ သမားတွေက ရှုပ်ထွေးနေတဲ့အရာတွေကို နားလည်နိုင်စွမ်းရှိသူ
(Mastermind) လို့ခေါ်ကြတယ်။ သူတို့ကသုံးသပ်နိုင်တယ်။ သူတို့
တစ်ယောက်တည်းအလုပ်လုပ်ရပါစေ။ ပြဿနာမရှိဘူး။ တခြားသူတွေနဲ့
ယှဉ်ရင် Social မကျချင်ဘူး။ (လူဝင်ဆံ့တဲ့လူမဖြစ်ချင်ဘူး။) လူတွေအများ
ကြီးနဲ့အတူမနေချင်ဘူး။ တခြားသူတွေက သူတို့ကို စိတ်ခံစားချက်တွေ
အကြောင်း မဆီမဆိုင်တွေလာပြောရင် သည်းမခံချင်ဘူး။ သူများတွေရဲ့
စိတ်ခံစားချက်တွေအကြောင်းနဲ့ပတ်သက်ပြီး ပြောပြလာရင်မကြိုက်ဘူး။
တစ်ယောက်ယောက်က ဒါဟာ မှန်ပါတယ်လို့ပြောတဲ့ အကြောင်းအရာတွေ
ကိုလက်မခံဘူး။ သူလက်ခံချင်မှလက်ခံတတ်တယ်။ ဥပမာ- ဒီပွဲကရိုးရာ
မလေ့အရသွားကိုသွားရမှာလို့ ပြောလာရင် မသွားဘူးငြင်းလိမ့်မယ်။
အထက်ကနေ အောက်ကိုပြောတာမလို့ဆိုတာမျိုးတွေကို
သူကလက်မခံဘူး။ ရာထူးကြီးတာလည်း လာမပြောနဲ့လက်မခံဘူး။
သူတို့ရဲ့ခံယူချက် (Concept)၊ အယူအဆတွေကို စိတ်ထဲမှာပဲထားတတ်
တယ်။ စိတ်ထဲကစကားတွေကို ထုတ်မပြောတဲ့သူမျိုးတွေဖြစ်ပါတယ်။
ရှုပ်ထွေးတဲ့အရာတွေ၊ သီအိုရီတွေကို စုံစမ်းဖော်ထုတ်ရတာ အရမ်း

သဘောကျတယ်။ ပါရမီလည်းရှိတယ်။ အရမ်းဉာဏ်ရည်မြင့်တယ်။ ဉာဏ်ရည်မြင့်တာကို သဘောကျတယ်။ ဗဟုသုတတွေကိုတန်ဖိုးထားတယ်။ ပြည့်စုံမှုကို တန်ဖိုးထားတယ်။ Idea ထုတ်တာ၊ ဖြစ်နိုင်ခြေတွေ အကြောင်းတွေးတာကို အာရုံစိုက်တယ်။ သူတို့ကသူတို့ရဲ့ စိတ်ခံစားချက်တွေကို ဖော်ပြလေ့မရှိဘူး။ သူတို့စိတ်နဲ့ပဲသူတို့နေတယ်။ စိတ်ခံစားမှုကို သိပ်ဦးစားမပေးဘူး။


အဲဒီလိုလူမျိုးတွေက ဘာဖြစ်နိုင်လဲဆိုတော့ အစီအစဉ်ရေးဆွဲသူ (Programmer)၊ သိပ္ပံပညာရှင် (Scientist)၊ မဟာဗျူဟာချမှတ်သူ (Corporate Strategist)၊ ဆရာဝန်၊ အင်ဂျင်နီယာတွေဖြစ်နိုင်ပါတယ်။

ကမ္ဘာကျော်တွေကတော့ Jane Austen၊ Stephen Hawking၊ Karl Marx၊ Sir Isaac Newton၊ Mark Zuckerberg တို့ဖြစ်ပါတယ်။




Jane Austen


အင်္ဂလိပ်အမျိုးသမီး စာရေးဆရာမ (လူ့လောကအကြောင်းအရာကို နှစ်သက်ဖွယ်ဖြစ်အောင် ရေးတတ်သူ)



Stephen Hawking
အင်္ဂလိပ်လူမျိုး သီအိုရီ ရူပဗေဒပညာရှင်၊ နက္ခတ္တဗေဒပညာရှင်



Karl Marx
ဂျာမန်ဒဿနဗေဒပညာရှင်၊ သမိုင်းဆရာ၊ ဂျာနယ်လစ်၊ နိုင်ငံရေးသမား
(သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒကို လက်တွေ့ကျကျ ဖော်ထုတ်သူ)



Sir Isaac Newton

အင်္ဂလိပ်လူမျိုး ရူပဗေဒပညာရှင်၊ သင်္ချာပညာရှင်၊ နက္ခတ္တဗေဒပညာရှင်၊
အတွေးအခေါ်ပညာရှင်၊ အဂ္ဂိရတ်ပညာရှင်



Mark Zuckerberg


အမေရိကန်နိုင်ငံသား ကွန်ပျူတာသိပ္ပံပညာရှင်၊ ဆော့ဖ်ဝဲရေးသားသူ၊
ပရဟိတသမား၊ Facebook တည်ထောင်သူ

## INTP = I Need To Ponder


INTP သမားတွေက ငြိမ်သက်တယ်၊ အတွေးများတယ်။ သူတို့ဘာသူတို့ အမြဲတမ်းစဉ်းစားတွေးခေါ် နိုင်စွမ်းရှိတယ်။ ပြဿနာတွေဖြစ်လာပြီဆိုရင် ဘယ်လိုဖြေရှင်းရမလဲဆိုပြီး တွေးတတ်၊ လုပ်တတ်တယ်။ ဗျူရိုကရေစီလို့ ခေါ်တဲ့ ရွေးချယ်တင်မြှောက်ထားတဲ့ သူတွေမဟုတ်ဘဲနဲ့ ကိုယ်ပိုင်ရာဆိုင်ရာတွေနဲ့ ဗိုလ်ကျစိုးမိုးနေတာကိုမကြိုက်ဘူး။ အထက်ဖား အောက်ဖိတွေကိုလည်း သူတို့ကမကြိုက်ဘူး။ မှန်တာကိုကြိုက်တယ်။ လူတစ်စုကနေချယ်လှယ်နေတာကိုမကြိုက်ဘူး။ တွေးခေါ်စဉ်းစားရတာကိုကြိုက်တယ်။ တိကျတဲ့နေရာတွေမှာ သီအိုရီကျကျတွေးတတ်တယ်။ ဗဟုသုတတွေနဲ့ အမြဲတမ်းနေချင်တယ်။ တည်ဆောက်ဖို့ကြိုးစားနေကြတယ်။ ဒါပေမဲ့ သူများတွေကို ခေါင်းမဆောင်ချင်ဘူး။ သူများတွေကို မထိန်းချုပ်ချင်ဘူး။ တခြားသူတွေရဲ့ ခံစားချက်တွေနဲ့မကိုက်ဘူး။ လူတွေကိုနားလည်ပေးနိုင်မှုအားနည်းတယ်၊ အတွေးအခေါ် အရမ်းကောင်းတယ်။ စည်းနဲ့ဘောင်နဲ့ လုပ်ရတာမကြိုက်ဘူး။

ဒီ Personal Type သမားတွေက အင်ဂျင်နီယာ၊ ပရော်ဖက်ဆာ၊ စိတ်ပညာရှင်၊ သုတေသနရှာဖွေသူ၊ သိပ္ပံပညာရှင်တွေလုပ်လို့ရပါမယ်။


ကမ္ဘာကျော်ပုဂ္ဂိုလ်တွေကတော့ Charles Darwin ၊ Albert Einstein ၊ Tina Fey ၊ Carl Jung ၊ Larry Page ၊ Jimmy Wales တို့ဖြစ်ပါတယ်။



Charles Darwin
အင်္ဂလိပ်လူမျိုးဘူမိဗေဒပညာရှင်၊ ဇီဝဗေဒပညာရှင်၊ ဆင့်ကဲပြောင်းလဲခြင်းဖြစ်စဉ်သီအိုရီ (Evolution Theory) နဲ့ပတ်သက်ပြီး ကျော်ဇောထင်ရှားသူ



Albert Einstein
ဂျာမနီနွယ်ဖွား ရူပဗေဒပညာရှင်နဲ့ အတွေးအခေါ်ပညာရှင်



Tina Fey

အမေရိကန်လူမျိုး ဟာသသရုပ်ဆောင်၊ စာရေးဆရာမ၊ ထုတ်လုပ်သူ




Carl Jung

Swiss လူမျိုး စိတ်ပညာရှင်




Larry Page

အမေရိကန်စီးပွားရေးလုပ်ငန်းရှင်၊ ကွန်ပျူတာ Scientist ၊
အင်တာနက်စွန့်ဦးတီထွင်၊ Google Search Engine ကိုပူးတွဲတည်ထောင်သူ




Jimmy Wales

အင်္ဂလိပ်-အမေရိကန် အင်တာနက်စွန့်ဦးတီထွင်၊ Wikipedia ကို
ပူးတွဲတည်ထောင်သူ

❒

# ISFJ = I Serve My Family Joyfully

ISFJ ဆိုတာ ရေလောင်းပေါင်းသင်သူ (The Nurturer) တွေပါ။ အစီစဉ်တကျလုပ်ရတာကို ကြိုက်တယ်။ တခြားသူတွေနဲ့ လိုက်လျောညီထွေဖြစ်အောင်နေတယ်။ သန္နိဋ္ဌာန်ပြတ်သားသူတွေဖြစ်တယ်။ သူတို့ဟာတာဝန်ခံမှု၊ တာဝန်ယူမှုရှိတဲ့သူတွေဖြစ်ပါတယ်။ နွေးထွေးတဲ့ နှလုံးသားရှိသူတွေဖြစ်တယ်။ ကြင်နာတတ်တယ်၊ တခြားသူတွေကိုချစ်မြတ်နိုးတယ်၊ တခြားသူတွေဘက်ကပဲ အမြဲတမ်းတွေးပေးတယ်၊ တခြားသူတွေကိုနားလည်တယ်။ စိတ်ခံစားချက်ပေါ် မူတည်သူတွေဖြစ်တယ်။ တခြားသူတွေရဲ့စိတ်ခံစားချက်တွေကို အမြဲတမ်းနားလည်တယ်။ အရမ်း Sensitive ဖြစ်တယ်။ သူတို့ရဲ့စိတ်ခံစားမှုတွေကိုလည်း အမြဲတမ်းနားလည်တဲ့သူတွေဖြစ်တယ်၊ အမြဲတမ်းနက်နက်နဲနဲတွေးလေ့ရှိတယ်၊ တွယ်တာတတ်တယ်။

ISFJ သမားတွေရဲ့အကျင့်စရိုက်တွေကတော့ လူတွေဆီက အကောင်းဆုံးတွေရမယ်လို့ယုံကြည်တယ်၊ သူတို့ရဲ့စိတ်နှလုံးက အမြဲတမ်းပြည့်ဝတယ်၊ ရိုးရာဓလေ့ကို သက်ဝင်သူ၊ ဥပဒေတွေကို လိုက်နာသူတွေဖြစ်ပါတယ်။ သူတို့ရဲ့စိတ်ခံစားမှုတွေကို ဘယ်တော့မှဖော်ပြလေ့မရှိဘူး။ စိတ်ခံစားမှုတွေကိုလျှို့ဝှက်ထားတတ်တယ်။ ဖြည်းဖြည်းမှန်မှန်နဲ့


အောင်ပွဲခံတဲ့သူတွေဖြစ်ကြပါတယ်။

သူတို့လုပ်နိုင်တဲ့လုပ်ငန်းတွေကတော့ သီလရှင်၊ ဘုန်းကြီး (Clergy)၊ အိမ်တွင်းအလှဆင်သူ (Interior Decorator)၊ စာကြည့်တိုက်မှူး (Librarian)၊ သူနာပြု (Nurse)၊ ရုံးစီမံခန့်ခွဲသူ (Office Administrator) တို့လုပ်လို့ရမယ်။

ဒီ Type နဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်တွေကတော့ Jimmy Carter၊ Kate Middleton၊ Mother Teresa၊ Tiger Woods တို့ဖြစ်ပါတယ်။



Jimmy Carter
၃၉ ယောက်မြောက် အမေရိကန်သမ္မတ




Tiger Woods
အမေရိကန် Professional Golf Player



Kate Middleton

မင်းသားဝီလျံရဲ့ကြင်ယာတော် (ဗြိတိန်နိုင်ငံတော်ဝင်မိသားစုဝင်)



Mother Teresa

အယ်ဘေးနီးယားလူမျိုး ခရစ်ယာန်သီလရှင်၊ မိဘမဲ့ကလေး၊ ဆင်းရဲနွမ်းပါးသူ၊
နာမကျန်းသူတွေကို ကြည့်ရှုစောင့်ရှောက်ခဲ့သူ

# ISFP = I'm Sincerely Fulfilling My Purpose

ISFP က အနုပညာရှင် (The Artist) တွေဖြစ်တယ်။ ငြိမ်းချမ်းတယ်၊ အေးအေးဆေးဆေး၊ လွတ်လွတ်လပ်လပ်၊ ပေါ့ပေါ့ပါးပါးနေတတ်တယ်၊ နေချင်တဲ့ဘဝကိုရအောင်နေတယ်၊ ကိုယ့်ရဲ့အမြင်နဲ့ ပြောရတာကိုကြိုက်တယ်၊ လတ်တလောဖြစ်ပျက်နေတာတွေကိုပဲဂရုစိုက်တယ်။ ဒါပေမဲ့ သူတို့နဲ့နီးနီးစပ်စပ်နေဖို့တော့ခက်တယ်။ သူငယ်ချင်းနည်းနည်းလေးနဲ့ပဲ နေချင်ကြတယ်။ သူတို့နဲ့နေတာကြာမှ သူငယ်ချင်းဖြစ်တယ်။ သူတို့က တစ်ခုခုဆိုရင် ဖန်တီးနိုင်စွမ်းအရမ်းမြင့်ကြတယ်။ သူတို့ဖန်တီးထားတဲ့ အရာတွေကိုလည်း အပြင်ကိုဖော်ပြလေ့ရှိတယ်။

ဘဝမှာအရှိကိုအရှိအတိုင်းနေတယ်။ သူတို့နဲ့ခင်ဖို့သိပ်မလွယ်ဘူး။ သူတို့ဘယ်သူလဲဆိုတာဖော်ပြချင်တယ်။ တီထွင်ဆန်းသစ်မှုကောင်းတယ်။ စူးရှတယ်။ မီးစင်ကြည့်ကနိုင်တယ်။ တစ်ခုခုဆိုရင် အကောင်အထည်ဖော်ရမှကျေနပ်တယ်။

သူတို့ရဲ့အကျင့်စရိုက်တွေကတော့ ပြင်ပကမ္ဘာကြီးနဲ့ အမြဲတမ်းကိုက်ညီတယ်၊ တခြားသူတွေအပေါ်ကြင်နာတယ်။ ဒါပေမဲ့ Sensitive

ဖြစ်တယ်။ ဘယ်သူတွေ ဘာတွေဖြစ်နေတယ်ဆိုတာကို အမြဲတမ်းကြည့်နေတဲ့သူဖြစ်တယ်။ သဘာဝတရားကြီးရဲ့ အလှတရားကိုခံစားတတ်တယ်။ သူတို့ဟာ တကယ်လုပ်ရတာကိုကြိုက်တဲ့သူတွေဖြစ်တယ်။ စိတ်ထားကောင်းတယ်။

သူတို့က ဒီဇိုင်နာ၊ မူကြိုကျောင်းဆရာ/ဆရာမ၊ ဂီတပညာရှင်၊ သူနာပြု၊ Social Worker ၊ အများအကျိုးဆောင်နိုင်သူတွေလုပ်နိုင်ပါတယ်။

ဒီ Type မှာဆိုရင် ကမ္ဘာကျော်ပုဂ္ဂိုလ်တွေက Audrey Hepburn ၊ Michael Jackson ၊ Paul McCartney ၊ Marilyn Monroe ၊ Elizabeth Taylor တို့ဖြစ်ကြပါတယ်။




Audrey Hepburn

ဗြိတိသျှရုပ်ရှင်သရုပ်ဆောင်၊ လူသားချင်းစာနာမှုအတွက် တက်ကြွလှုပ်ရှားသူ



Michael Jackson

အမေရိကန် အဆိုတော်၊ သီချင်းရေးဆရာ၊ အကပညာရှင်၊ ပရဟိတသမား



Paul McCartney

အင်္ဂလိပ်အဆိုတော်၊ သီချင်းရေးဆရာ၊ ဂီတပညာရှင်



Marilyn Monroe

အမေရိကန် သရုပ်ဆောင်၊ အဆိုတော် သီချင်းရေးဆရာမ



Elizabeth Taylor

အမေရိကန်-ဗြိတိန် ရုပ်ရှင်မင်းသမီး

❐

# ISTJ = I Suit Tax Jobs


ISTJ သမားတွေကို စုံထောက် (The Inspector) တွေလို့ခေါ်ကြတယ်။ သူတို့က စည်းနဲ့ကမ်းနဲ့ နေချင်တယ်၊ အဖွဲ့အစည်းနဲ့ အလုပ်လုပ်ရတာ အရမ်းကြိုက်တယ်။ သူတို့ကိုယ် သူတို့နဲ့သူတို့ပတ်ဝန်းကျင်ကို အမြဲတမ်း စနစ်ကျအောင်ထားတယ်။ ဆန်းစစ်နိုင်စွမ်းအရမ်းကောင်းတယ်။ စနစ်ကျနေမှကြိုက်တယ်။ တခြားသူတွေရဲ့အလုပ်တွေအပေါ်မှာလည်း အသေးစိတ် စိတ်ဝင်စားတယ်။ အလုပ်မပြီးမချင်းအနားမယူကြဘူး။ တခြားသူတွေကို သိပ်နားလည်မပေးနိုင်ဘူး။ သူတို့ကသစ္စာရှိတယ်။ လက်တွေ့ကျတယ်။ စနစ်ကျတယ်။ ခံစားတတ်တယ်။ ရှေးရိုးစွဲတဲ့သူတွေဖြစ်တယ်။ စနစ်တကျနဲ့ တစ်ယောက်တည်းလုပ်ပြီးတော့ အောင်မြင်မှုတွေကိုယူလေ့ရှိတယ်။

အချက်အလက်တွေကို သဘောကျတယ်။ အချက်အလက်တွေကို ကိုင်စွဲပြီးအလုပ်လုပ်တယ်။ အဲဒီလိုလူမျိုးတွေက ယုံကြည်မှုပြင်းထန်တယ်။ သူများတွေအပေါ်မှာ အရမ်းမှီခိုချင်တယ်။ ယုံကြည်စိတ်ချစရာကောင်းတယ်။ ဥပဒေတွေကိုယုံကြည်တယ်။ စိတ်ခံစားမှုနဲ့ပတ်သက်ပြီးတော့ သိပ်ပြီးအလေးမထားတဲ့အထဲမှာပါတယ်။ သူတို့ဘာသူတို့ တစ်ယောက်

တည်းပဲ ဘဝကိုအေးအေးဆေးဆေးဖြတ်သန်းကြတယ်။ စိတ်ဓာတ်ကျတာတွေ ဖြစ်နိုင်တယ်။ တခြားသူတွေစည်းမျဉ်းချိုးဖောက်တာကို မကြိုက်ဘူး၊ မနေတတ်ဘူး။ ငယ်စဉ်ကလေးဘဝမှာ အတန်းထဲဆရာကို တိုင်တန်းတတ်သူတွေဖြစ်တယ်။ သူတို့ရဲ့ စနစ်ကျမှုတွေကြောင့် အောင်မြင်မယ့်သူတွေဖြစ်တယ်။ ဒေတာတွေဘယ်လောက်များများ နားလည်နိုင်တယ်။

သူတို့တွေက ဘာတွေလုပ်လို့ရမလဲဆိုရင် စာရင်းအင်းပညာရှင် (Accountant) ၊ သွားဆရာဝန် (Dentist) ၊ သင်္ချာဆရာ/ဆရာမ (Math Teacher)၊ Office Administrator ၊ ရဲအရာရှိ တို့လုပ်နိုင်ပါတယ်။

ကျော်ကြားသူတွေကတော့ Pope Benedict ၊ Warren Buffett ၊ Queen Elizabeth 2 ၊ Richard Nixon ၊ George Washington တို့ဖြစ်ပါတယ်။




Pope Benedict
ဂျာမနီနွယ်ဖွား ပုပ်ရဟန်းမင်းကြီး (ဗာတီကန် စီးတီး)



Warren Buffett

အမေရိကန်စီးပွားရေးသမား၊ ဘီလျံနာ၊ ရင်းနှီးမြှုပ်နှံသူ၊
ပရဟိတသမား




George Washington

ပထမဦးဆုံးအမေရိကန်သမ္မတ



Queen Elizabeth 2

အင်္ဂလန်ဘုရင်မကြီး



Richard Nixon

၃၇ ယောက်မြောက်အမေရိကန်သမ္မတ

❒

# ISTP = I See the Problem

ISTP သမားတွေကို ပန်းပုဆရာ (The Craftsman) လို့ခေါ်ပါတယ်။ အခြေအနေတစ်ခုမှာ ဘာပြဿနာတွေဖြစ်နေလဲဆိုတာ တန်းသိတယ်။ ပြောရရင်ပြဿနာတွေကို ရှာဖွေ ဖော်ထုတ်တဲ့နေရာမှာ အရမ်းတော်တယ်။ သိပြီးတော့ အဲဒီပြဿနာတွေကို ဘယ်လိုပြုပြင်ရမလဲ၊ ဘယ်လိုပြင်ဆင်ရမလဲ၊ ဘယ်လိုအကောင်အထည်ဖော်ရမလဲဆိုတာကို တခြားသူတွေထက် ပိုပြီးကောင်းကောင်းနားလည်တယ်။ ပြဿနာတွေကို လက်တွေ့ကျကျ ချဉ်းကပ်နိုင်တယ်၊ နည်းလမ်းတကျဖြေရှင်းနိုင်တယ်။ ဖြစ်နေတဲ့အခြေအနေတွေကို အမြဲတမ်းစူးစမ်းနေတယ်။ အမြင်၊ အကြားစူးရှတယ်။ သူတို့ရဲ့ ဘေးနားမှာရှိတဲ့ အကြောင်းအရာတွေကို နက်နက်နဲနဲတွေးနိုင်ခေါ်နိုင်သူတွေဖြစ်တယ်။ သူများတွေက သူတို့ကိုခိုင်းစရာမလိုဘဲ သူတို့ဘာသာလုပ်လေ့ရှိတယ်။


သူတို့အတွေးနဲ့ သူတို့လုပ်ပစ်လေ့ရှိကြတယ်။ ဘောင်ထဲကနေ မသွားဘူး။ တစ်ခါတလေမှာ အဖွဲ့အစည်းတွေရဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ မကိုက်ညီတဲ့အရာတွေကို လုပ်တတ်တယ်။ မီးစင်ကြည့်ကရတာကို သဘောကျတယ်။ တခြားသူတွေက သူတို့ကိုစနစ်မကျဘူးလို့ ထင်ကြပေမဲ့

သူတို့ပြဿနာတွေကိုဖြေရှင်းတဲ့ပုံစံက သူများတွေထက်ပိုသာတယ်။ အကြောင်းအရာတွေကိုသိဖို့အတွက် သူတို့ကိုယ်သူတို့ အမြဲတမ်းဖိအားပေးတယ်။ အချိန်မဆိုင်းဘူး။ ချက်ချင်းထလုပ်တတ်တဲ့ အကျင့်ရှိပါတယ်။ အခက်အခဲတွေနဲ့ ကြုံတွေ့ချိန်မှာ အလွန်ဖြေရှင်းတော်သူတွေဖြစ်ပါတယ်။


သူတို့ရဲ့အကျင့်စရိုက်လက္ခဏာတွေကတော့ ဘယ်အရာတွေက ဘယ်လိုအလုပ်လုပ်လဲဆိုတာသိတယ်၊ ယုံကြည်မှုတွေပေါ်မှာ အမြဲတမ်းသစ္စာရှိတယ်၊ ကိုယ်တိုင်လုပ်ရတာကို သဘောကျတယ်၊ အခက်အခဲတွေကြုံလာရင် ဘယ်လိုဖြေရှင်းရမလဲဆိုတာ ကောင်းကောင်းနားလည်တယ်။

သူတို့တွေကတော့ ဆောက်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ပညာရှင် (Electrician)၊ စက်ရုံလုပ်ငန်း၊ စက်ပြင်သမား၊ စစ်သား၊ လေယာဉ်မောင်းသူတွေ ဖြစ်နိုင်ပါတယ်။

သူတို့နဲ့တူတဲ့ကမ္ဘာကျော်ပုဂ္ဂိုလ်တွေကတော့ Simon Cowell၊ Tom Cruise၊ Clint Eastwood၊ Harrison Ford၊ Steve Jobs တို့ဖြစ်ပါတယ်။




Simon Cowell
အင်္ဂလိပ်လူမျိုး ရုပ်သံတင်ဆက်သူ၊ စွန့်ဦးတီထွင်




Tom Cruise

အမေရိကန် ရုပ်ရှင်သရုပ်ဆောင်၊ ထုတ်လုပ်သူ



Harrison Ford

အမေရိကန် ရုပ်ရှင်သရုပ်ဆောင်



Steve Jobs

အမေရိကန်စီးပွားရေးသမား၊ တီထွင်သူ၊ ရင်းနှီးမြှုပ်နှံသူ၊ Apple ကုမ္ပဏီကို ပူးတွဲတည်ထောင်သူ

Congratulations ပါ။ အခုဆိုရင်တော့ Personality Type စစ်ပြီးသွားပြီးတော့ Result တွေ ကြည့်ပြီးသွားပါပြီ။ ကိုယ့်ရဲ့ကိုယ်ပိုင်ပုံစံကိုတွေ့လိုက်ရပြီလို့ထင်ပါတယ်။ ၈၀ ရာခိုင်နှုန်းကနေ ၁၀၀ ရာခိုင်နှုန်းအထိ မှန်လိမ့်မယ်လို့ယုံကြည်ပါတယ်။ ကိုယ့်ရဲ့ Personality Type ကိုသိခြင်းအားဖြင့် အောင်မြင်ဖို့အတွက် ၅၀ ရာခိုင်နှုန်း၊ ဒါမှမဟုတ် ၆၀ ရာခိုင်နှုန်းသေချာပြီးသားပါ။

❒

## ကိုယ့်ရဲ့ Personality Type က ဘယ်အပေါ်မှာမူတည်နေလဲ

ကိုယ့်ရဲ့ Personality Type က နှစ်ခုပေါ်မှာ မူတည်တယ်။

၁။ မွေးရာပါ ကျွန်တော်တို့ရဲ့ Generation ပေါ့။

၂။ နောက်တစ်ခုက ကျင်လည်ပတ်သက်ရတဲ့ ပတ်ဝန်းကျင်

ငယ်ငယ်တုန်းကကြားဖူးတဲ့ ကျေးညီနောင်ပုံပြင်လို ညီအစ်ကိုနှစ်ယောက်ရဲ့ Generation ကအတူတူဆိုပေမဲ့ သူတို့ရောက်နေတဲ့နေရာပေါ် မူတည်ပြီးတော့ သူတို့ရဲ့ Personality Type က ကွဲသွားကြတယ်။ Type ပြောင်းလို့ရပါတယ်။ ဒါပေမဲ့ အချိန်ယူရမယ်၊ နည်းနည်းခက်ခဲမယ်။ အကောင်းဆုံးကတော့ ကိုယ်နဲ့ကိုက်ညီတဲ့ Personality Type နဲ့ အလုပ်လုပ်ရတာ ပိုလွယ်တယ်။ ပိုပြီးအလုပ်ဖြစ်တယ်။ အများကြီးပြောင်းလဲယူစရာမလိုဘူးပေါ့။

ဒါကြောင့် နောက်ငါးနှစ်၊ ဒါမှမဟုတ် နောက်ဆယ်နှစ်မှာ ပြန်စစ်ရင် လုပ်ကိုင်ရတဲ့အလုပ်၊ ထိတွေ့ဆက်ဆံရတဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းရဲ့အခြေနေပေါ်မူတည်ပြီး အခုချိန်စစ်ထားတဲ့ရလဒ်ဟာ

ပြောင်း သွားနိုင်တယ်ဆိုတာ သတိပြုပါ။

ကိုယ့် Type နဲ့ ဆက်စပ်တဲ့အလုပ်မှန်သမျှလုပ်လို့ရတယ်။ ဥပမာ- အင်ဂျင်နီယာဆိုရင် သူနဲ့ဆက်စပ်နေတဲ့ အလုပ်တွေအများကြီး ရှိတယ်။ ကိုယ်နဲ့တူတဲ့ Type ထဲက ကမ္ဘာကျော် ပုဂ္ဂိုလ်တွေကို စံနမူနာ ယူပြီးတော့ ကိုယ်တိုင်ကြိုးစားလို့ရတယ်။ သူတို့ ဘယ်လိုကျော်ကြားအောင် လုပ်ခဲ့သလဲ။ သူတို့ရဲ့အမူအကျင့်တွေကို Install လုပ်လိုက်တာမျိုးပေါ့။ အိုဘားမားတို့ဆို ကြည့်လိုက်ပါလား။ အမြဲတမ်းပြုံးရယ်နေတာပဲ။ တက်ကြွနေတာပဲ။ ပြီးရင် သူများကို လေးစားတယ်။ သူတို့ပုံစံကို စံနမူနာ ယူလို့ရပါတယ်။

ကိုယ့် Type နဲ့တူတဲ့ လုပ်လို့ရမယ့်အလုပ်ထဲကနေမှ ကိုယ့် အကြိုက်ဆုံးကိုရွေးပြီးလုပ်ကြည့်ပါ။ ပြီးရင် ကိုယ့်ရဲ့ Role Model က ဘယ်သူလဲ။ ဘာအလုပ်တွေလုပ်လို့ရသလဲဆိုတာကို ဆုံးဖြတ်ပါ။ ပြီးရင် အဲဒီဟာတွေထဲကတစ်ခုကိုရွေးပါ။ ရွေးပြီးရင် အဲဒီအလုပ်ကနေ သေချာ ပေါက်အောင်မြင်မှုရပါလိမ့်မယ်။

ကျွန်တော်ဆိုရင် Coach & Trainer ကိုရွေးလိုက်တယ်။ ကျွန်တော့်ရဲ့ Type က အဲဒါပဲ။ ကျွန်တော့်ရဲ့ Role Model ဟာ Tony Robbins ပဲ။ မလုပ်မှဘဲမအောင်မြင်မှာ။ တကယ်လုပ်တယ်ဆိုရင် သေချာပေါက်အောင်မြင်လိမ့်မယ်။ ကိုယ့်ရဲ့အကြောင်းကို ကိုယ်မသိဘဲ စမ်းတဝါးဝါးနဲ့ လုပ်နေတာထက် ကိုယ့်အကြောင်းကိုယ်သိပြီးတော့ စနစ် တကျကြိုးစားသွားမယ်ဆိုရင် အောင်မြင်မှုကကိုယ့်ဆီကို မလွဲမသွေရောက် ကို ရောက်လာမှာဖြစ်ပါတယ်ခင်ဗျာ။

ကျွန်တော် ဒီ Test ကို Career Coaching လုပ်တဲ့အခါမှာ အများဆုံးအသုံးချဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ စာဖတ်သူလူငယ်မိတ်ဆွေတွေလည်း မိမိကောင်း ကျိုး၊ အများကောင်းကျိုးအတွက် မှန်မှန်ကန်ကန် အသုံးချနိုင်ပါစေလို့ဆန္ဒပြု

လိုက်ပါတယ်။

ကျွန်တော့်ရဲ့ စာဖတ်သူပရိတ်သတ်အပေါင်း မိမိကိုယ်ကိုယ် ကောင်းစွာသိရှိပြီး ဆန္ဒနဲ့ဘဝတစ်ထပ်တည်းကျနိုင်ပါစေလို့ ဆုတောင်းပေး လိုက်ပါတယ်ခင်ဗျာ။

**ဉာဏ်လင်းအောင်**

**Future Coach**

**Unlock Your Future**

❐

Nyan Lin Aung
Unlock your Future

# ငါဆိုတာ
# It's Me

Personality Test တစ်ခုကြောင့်
ကျွန်တော်လိုချင်တဲ့ဘဝ၊ ကျွန်တော်ချစ်တဲ့အလုပ်ကို
လုပ်ကိုင်ခွင့်ရပြီး ပျော်နေရလိမ့်မယ်လို့ ဟိုတုန်းကမထင်ခဲ့ဘူး။
ဒါကြောင့် ကျွန်တော့်ကို တစ်နေ့တစ်နေ့ လာလာပြောနေကြတဲ့
"ဘဝကြီးကနေမပျော်ဘူး၊ ငွေရှာရတာပင်ပန်းတယ်၊
လက်ရှိအလုပ်မှာမပျော်ဘူး၊ ထွက်ပေါက်တွေပိတ်နေတယ်၊
စိတ်ဓာတ်ကျတယ်" လို့ ပြောလာသူတွေအတွက်
မှန်ကန်တဲ့ Career ရွေးနိုင်ဖို့နဲ့ တစ်သက်လုံးလုပ်နိုင်မယ့်
ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို ရွေးချယ်ဖို့လိုအပ်သူတွေအတွက်
ကျွန်တော့်လို ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျစေချင်တဲ့အတွက်
ဒီစာအုပ်လေးကို စီစဉ်ပေးရခြင်းပဲဖြစ်ပါတယ်။

9 789998 653092